# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e - paper ဖတ်ရှုရန်


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)



**ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)**

ဆောင်းပါး စာမျက်နှာ » ၈

**ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့ မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၁၀

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတကာဖိုရမ်တက်ရောက်ခဲ့မှုကို မှတ်တမ်းတင်ခြင်း၊ အခမဲ့မြေလွှဲပြောင်းပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်း အမှုထမ်းများအား ကုန်းကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပစဉ်။

**ရထားစီးခရီးသည်များ သန့်ရှင်းရေးနှင့် စည်းကမ်းအလေးထား လိုက်နာရေး မြန်မာ့မီးရထားအသိပေး**

ရန်ကုန် ဇူလိုင် ၈

ရထားစီးခရီးသည်များအနေဖြင့် ရထားပေါ်တွင် သန့်ရှင်းရေးနှင့် စည်းကမ်းကို အလေးထားလိုက်နာပေးကြရန် မြန်မာ့မီးရထားက မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

ပြည်သူများ သက်သောင့်သက်သာ ဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိကြောင်း၊ သို့ရာတွင် စည်းကမ်းလိုက်နာခြင်းမရှိသည့် ခရီးသည်တချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်နှင့် ကြုံတွေ့ရမှုများလည်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ကူဘိုတာကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြ

ဝမ်းတွင်း ဇူလိုင် ၈

မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ကူဘိုတာကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြခြင်းကို ယနေ့တွင် အင်ကန်းကုန်းကျေးရွာ တောင်သူဦးသန်းလွင်၏ လယ်မြေနှစ်ဧက၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✪



## မိုးရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ စတင်ရေကျော်လျက်ရှိ



ပွင့်ဖြူ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ယခုရက်ပိုင်း မုန်တိုင်းအရှိန်ကြောင့် နေ့စဉ်မိုးရွာသွန်းလျက်ရှိသဖြင့် ကြီးအုံကြီးဝတမံအတွင်းသို့ မိုးရေများဝင်ရောက်ခဲ့ရာ ယနေ့မွန်းတည့် ၁၂ နာရီက တိုင်းထွာရာတွင် တမံရေပိုလွှဲမှ သုည ဒသမ ၁ ပေ စတင်ရေကျော်ကျလျက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

## ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၈

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●



၉-၇-၂၀၂၆ ရက်နေ့မှ ၁၀-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။




ကြေးမုံ

# တရားမဝင်ကုန်သွယ်ကူးသန်းမှုကို တရားဝင်ကုန်သွယ်မှုဖြင့်တိုက်ဖျက်

အခြေခံစားကုန်၊ လူသုံးကုန်များသည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၌ အရေးအကြီးဆုံးအချက်ဖြစ်သည်။ ယင်းသည် နိုင်ငံအတွင်း၌ နေ့စဉ်နှင့်အမျှ ပြည်သူလူထုလိုအပ်ချက်အဖြစ်ရှိနေပြီး အိမ်နီးချင်းနိုင်ငံများတွင် အခြေခံစားကုန်များဖြစ်သည့် အသား၊ ငါးနှင့် မီးဖိုချောင်သုံးသီးနှံများမှာ ဈေးကွက်လိုအပ်ချက်အရအများအပြားရှိနေသည်။ သို့ဖြစ်၍ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ဈေးကွက်များသို့ တင်ပို့ရောင်းချကြရမည်ဖြစ်သည်။ သို့သော် အချို့သောလမ်းကြောင်းများနှင့် ဝေးလံသောဒေသများ၌ လုံခြုံရေးအကန့်အသတ်များကြောင့် အပြည့်အဝတင်ပို့၊ တင်သွင်းနိုင်ခြင်းမရှိသေးပေ။ အဆိုပါအချက်သည် ဈေးကွက်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အဓိကအဟန့်အတားဖြစ်နေသည်။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်ခြင်းမှာ ကုန်စည်စီးဆင်းမှု မမှန်ကန်ခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းတို့ကြောင့်ဖြစ်သည်။ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းသည် ကုန်ပစ္စည်းများရှားပါးခြင်း၊ ငွေကြေးတန်ဖိုးပြောင်းလဲခြင်း အကျိုးဆက်တို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားရေးတို့ကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။ တရားဝင်ထုတ်ကုန်ပစ္စည်းများ တိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ရရှိလာသည့် နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကို တင်သွင်းနိုင်မည်ဖြစ်သည်။ နိုင်ငံ့ဝင်ငွေနှင့်ထွက်ငွေ မျှတနေမှသာ နိုင်ငံ့စီးပွားခိုင်မာပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့်စီမံချက်များ ချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျသည့် အချက်ဖြစ်သည်။ သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့်ကိုက်ညီမှုရှိရန်နှင့် မှန်ကန်တိကျမှုဖြစ်စေရန်လိုအပ်သည်။ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တရားဝင်ကုန်သွယ်မှုများဖြစ်ရန်လိုပြီး စနစ်တကျစစ်ဆေးကြပ်မတ်သွားရန်လိုသည်။ စနစ်တကျ စစ်ဆေးကြပ်မတ်ရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်စည်စီးဆင်းမှုကို အဟန့်အတားမဖြစ်စေရန်လိုသည်။ တရားမဝင်ကုန်သွယ်မှုများရှိနေခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုပင်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ကုန်ပစ္စည်းများကို မှောင်ခိုတင်သွင်းခြင်း၊ တင်ပို့ခြင်းများ လုပ်ဆောင်ခဲ့သောကြောင့် နိုင်ငံအတွက် ထိုက်သင့်သည့်အခွန်အခများ ဆုံးရှုံးနစ်နာခဲ့သည်။

ထို့အပြင် အရည်အသွေးပြည့်မီခြင်းမရှိသည့် သက်တမ်းလွန် ကုန်ပစ္စည်းများကို အများပြည်သူများ သုံးစွဲနေရခြင်းကြောင့် ကျန်းမာရေးနှင့်ထိခိုက်နစ်နာမှုများကြုံတွေ့နေရသည်။ သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း အဂတိလိုက်စားမှုများကျူးလွန်ခဲ့သည်ကို တွေ့ရသည်။ တရားမဝင်ကုန်ပစ္စည်းများကို တရားမဝင်ရရှိသည့်ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုပြုလုပ်နေခြင်းကို နိုင်ငံတော်အနေဖြင့် မည်သို့မျှ လက်ခံမည်မဟုတ်ပေ။ ဝိသမလောဘသားများ၏ စီးပွားရေးအရ ဈေးကွက်ကစားနေခြင်းအပေါ် နိုင်ငံတော်အနေဖြင့် ဖော်ထုတ်အရေးယူမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံ့အကျိုးစီးပွားကို အလေးထားကာ မှန်မှန်ကန်ကန် တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုကို တရားဝင်ကုန်သွယ်ရေးဖြင့် ဝိုင်းဝန်းလက်တွဲတိုက်ဖျက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတက ဇူလိုင်လ ၇ ရက်နေ့ကပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် "ဝိသမလောဘသမားများ၏ စီးပွားရေးအရဈေးကွက်ကစားနေမှုများကို မိမိတို့အနေဖြင့် တရားဝင်ကုန်သွယ်မှုဖြင့် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌ ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာအောင် အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအရလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း" အသိပေးပြောကြားထားသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသဖြင့် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည့် ကုန်ပစ္စည်းများ မှန်မှန်ကန်ကန်လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် တရားဝင်ပြည်တွင်းထုတ်ကုန်များ တိုးတက်များပြားလာရေးအတွက် နိုင်ငံ့အကျိုးစီးပွားကို အလေးထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ အထိုက်အလျောက် လျော့ကျလာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တည်ငြိမ်ချောမွေ့အဆင်ပြေစေရေးတို့ကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## (၈-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၆၅၀,၀၂၆.၁၄ | ၁၂,၁၇၇,၆၂၂.၁၉ | ၆၇,၈၅၈,၁၆၅.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂,၂၀၈.၀၀ ကို ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဆင်းပွဲကျင်းပ

**ရှောင် ဇူလိုင် ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် ဥပဒေရုံးမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဆင်းပွဲကို ဇူလိုင် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဥပဒေအရာရှိဦးရာဇာမင်းမောင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၈ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၈,၀၀၀ | ၂၂၃ | ၃,၉၅၆,၅၀၀ |
| MTSH | ၈,၅၀၀ | ၈,၅၀၀ | ၆,၀၉၂ | ၅၂,၀၃၄,၈၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၅၀၀ | ၁ | ၁၃,၅၀၀ |
| FPB | ၇,၀၀၀ | ၇,၂၀၀ | ၅,၁၂၄ | ၃၅,၈၇၈,၀၀၀ |
| TMH | ၃,၉၀၀ | ၃,၈၅၀ | ၆၇ | ၂၆၀,၂၀၀ |
| EFR | ၂,၀၅၀ | ၂,၀၀၀ | ၂,၃၇၅ | ၄,၇၄၃,၇၀၀ |
| AMATA | ၃,၈၅၀ | ၄,၀၀၀ | ၁၃၂ | ၅၁၇,၅၀၀ |
| MAEX | ၆,၄၀၀ | ၆,၄၀၀ | ၈၆၂ | ၅,၅၁၆,၈၀၀ |
| MADPL(PLB) | ၆,၈၀၀ | ၇,၀၀၀ | ၁၀၆ | ၇၂၂,၀၀၀ |
| ASPGB(PLB) | ၆၁,၀၀၀ | ၆၀,၀၀၀ | ၂၅၃ | ၁၅,၂၄၅,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပညာရေးမြှင့်တင်မှုကော်မတီဝင်များနှင့်တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၈**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I–13)ရှိ ပညာရေးမြှင့်တင်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်က ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာ ရည်မှန်းချက်များအား အသေးစိတ် ပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်များသည် ကျယ်ပြန့်သဖြင့် ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏ ဒေါက်တိုင်များဖြစ်၍ လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အောင်မြင်ခြင်း၊ တိုးတက်ခြင်းသည် ကော်မတီများအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးစနစ် အုတ်မြစ်ခိုင်မာစေအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တည်ဆဲ ဥပဒေများအနက် ပညာရေးမြှင့်တင်မှုကော်မတီနှင့် သက်ဆိုင်သည့်ဥပဒေ ၉ ခုရှိပြီး ကော်မတီအနေဖြင့် အဆိုပါဥပဒေများပြင်ဆင်နိုင်ရေး ပြန်လည်သုံးသပ်ပြီး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများအနက် ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေကို ဦးစားပေးပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်အောင် အလေးထား လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် School Survey များ ကောက်ယူနိုင်ရေး လွှတ်တော်အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းအပြင် ပညာရေးနှင့်လုပ်ငန်းခွင် ဆက်စပ်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training – TVET)များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

တိုင်းရင်းသား ဘာသာစကားများကို အခြေခံပညာရေးမှ အစပြု၍ ထည့်သွင်းသင်ကြားစေခြင်းဖြင့် တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှု ရရှိကာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် စနစ်တစ်ခုကို ဖော်ဆောင်ရန် စဉ်းစားသင့်ပါကြောင်း၊ ဤကော်မတီအနေဖြင့် ဆရာ ဆရာမများ၏ ခံစားခွင့်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လည်းကောင်း အားလုံးလွှမ်းခြုံနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသည်ကိုသိရ၍ ဝမ်းသာပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ပညာရေးအခန်းကဏ္ဍ အရွေ့တစ်ခုသို့ ရောက်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်အပေါ် သုံးသပ်၍ အသိမ်မွေ့ဆုံး နည်းလမ်းများဖြင့် အကောင်းဆုံးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

---

**○ ရထားစီးခရီးသည်များမှ**

ရှိကြောင်း ခရီးသည်များက မှတ်ချက်ပြုထားကြသည်။

ခရီးစဉ်တစ်လျှောက် သန့်ရှင်း၊ သပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက်မဖြစ်စေရန်နှင့် ရထားအတွင်း သန့်ရှင်းမှုကို ထိန်းသိမ်းရန် ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးပါရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်း မပြုပါရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာအသုံးပြုနိုင်ရန် ထိုင်ခုံများကို စနစ်တကျအသုံးပြုပေးပါရန်လည်း ပါရှိသည်။ အလားတူ ဆူညံသံဖြင့် အနှောင့်အယှက် မဖြစ်စေရန် ဖုန်းပြောဆိုခြင်း၊ သီချင်းဖွင့်ခြင်းနှင့် စကားပြောဆိုခြင်းများကို အခြားသူများ မထိခိုက်စေရန် ထိန်းသိမ်းပေးပါရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ပေးပါရန်၊ အမှိုက်များကို ရထားအတွင်း မချဘဲ သတ်မှတ်ထားသော နေရာများတွင်သာ စွန့်ပစ်ပေး၍ သန့်ရှင်းသောခရီးစဉ်လေးဖြစ်စေရန် အားလုံး ပူးပေါင်းပါဝင်ကြရန် မြန်မာ့မီးရထားက အသိပေးထားသည်။




ရထားစီးခရီးသည်များ သန့်ရှင်းရေးနှင့် စည်းကမ်းကို အလေးထားလိုက်နာပေးကြရန် မြန်မာ့မီးရထားက ရုပ်ပုံကားချပ်ဖြင့် အသိပေးထားစဉ်။

ထိုကဲ့သို့ မြန်မာ့မီးရထားမှ စည်းကမ်းချက်များ ထုတ်ပြန်လိုက်သည့်အပေါ် "စည်းကမ်းလိုက်နာခြင်းရှိ/မရှိ ထိရောက်စွာ စောင့်ကြည့် စည်းကြပ်သင့်ပါတယ်"၊ "ဒဏ်ငွေနဲ့လုပ်တာက ပိုပြီးထိရောက်မှုရှိလိမ့်မယ်"၊ "ရှောင်တခင် ဝင်ဝင်စစ်ပေးပါ၊ ပြီးရင် ရထားပေါ် အသိပေးပေးပါ" ဟူ၍လည်း ခရီးသည်များက မှတ်ချက်ပြုထားကြသည်။

**MT**

---

**❂ ကူဘိုတာမှ**

ဦးစွာ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်က စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါး(ဧရာမင်း) စိုက်ပျိုးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အင်းခမ်းကြီးကျေးရွာ၊ အင်ကန်းကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

**❋ မိုးရွာသွန်းမှုကြောင့်မှ**

ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း နေ့စဉ်မိုးရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုများ တိုးလာခဲ့ပြီး တမံရေပြည့်အမှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ သုည ဒသမ ၁ ပေခန့် စတင်ရေကျော်ကျလျက်ရှိပြီး ထိုသို့ တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း စိုးရိမ်ဖွယ်ရာအခြေအနေ မရှိကြောင်းနှင့် တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်မှုအခြေအနေများကို တမံရေကင်းတာဝန်ရှိသူများက ၂၄ နာရီ စောင့်ကြပ်စစ်ဆေးပြီး ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**


---


❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

---







၁၁-၇-၂၀၂၆ ရက်နေ့မှ ၁၆-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

**● ဇူလိုင် ၉ ရက်မှ**

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

*** ရှေ့ဖုံးမှ**

ရေကြောင်း၊ လေကြောင်း ခရီးစဉ်များတွင် အခမဲ့ခရီးသွားလာခွင့်ရရှိရေး၊ လေယာဉ်ခရီးစဉ် ဆွဲပေးနိုင်ရေး၊ မြောင်း၊ ချောင်းနှင့် မြစ်ကြောင်းများကို အမြန်ဆုံးပြန်လည်တူးဖော်ပေးရေး၊ ရေထိန်းတာရိုးများ၊ ရေတံခါးများ ပြန်လည်ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ ဘရပ်စ်မြို့တွင် ၂၁-၆-၂၀၂၆ မှ ၂၂-၆-၂၀၂၆ အထိ ကျင်းပခဲ့သည့် 2nd International Forum of the Union State "Great Heritage – Common Future" သို့ ပါဝင်တက်ရောက်ခဲ့မှုကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားမြေတွင် တည်ဆောက်ထားသော ဘောလုံးကွင်းအား အားကစားဝန်ကြီးဌာနမှ အခမဲ့မြေလွှဲပေးရန် လျှောက်ထားလာပါက လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်မြင့်က မြန်မာ့မီးရထား၏ အင်းစိန်ဘောလုံးကွင်းကို ဝန်ထမ်းနှင့်မိသားစုဝင်များထဲမှ ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေး၊ ယခင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်း၏လေ့ကျင့်ရေးကွင်းနှင့် အိမ်ကွင်းအဖြစ် ဘောလုံးပွဲများ လက်ခံကျင်းပနိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများမှ နေ့ထူးနေ့မြတ်များတွင် ဝန်ထမ်းများအတွက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအခမ်းအနားများ ကျင်းပနိုင်ရေးတို့ကို ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာ့မီးရထားမှ ကျင်းပသည့် အားကစားပြိုင်ပွဲများ၊ အခမ်းအနားများကို အခမဲ့ဖြင့် ခွင့်ပြုဆောင်ရွက်ပေးခြင်းနှင့် ဟံသာဝတီယူနိုက်တက်ဘောလုံးအသင်းသို့ လေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းခ တစ်နှစ်လျှင် ငွေကျပ် ၄၀၀၀၀၀၀ ဖြင့် ငှားရမ်းခွင့်ပြုထားသဖြင့် ဌာနဝင်ငွေ ရရှိလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အားကစားရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အစီအစဉ် မရှိသေးပါကြောင်းနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဆိုပါက အခမဲ့အသုံးပြုခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံအတွင်းရှိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များ၌ တာဝန်ဖြင့်ဖြစ်စေ၊ မည်သည့် အကြောင်းကိစ္စဖြင့်ဖြစ်စေ အခမဲ့ခရီးသွားလာနိုင်ရေး ဦးစားပေးအဆင့်အဖြစ် စတင်စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖော်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရထားဖြင့် ယခင်က ဌာနဆိုင်ရာဝန်ထမ်းများကို ခရီးသွားလာခွင့်အမိန့် (MO)တင်ပြပါက ကျသင့်လက်မှတ်ခ၏ ၇၅ ရာခိုင်နှုန်း ကောက်ခံသော်လည်း ၁-၉-၂၀၁၆ ရက်မှစ၍ ကျသင့်လက်မှတ်ခ ၁၀၀ ရာခိုင်နှုန်းပြည့် ကောက်ခံဆောင်ရွက်ခဲ့ရပါကြောင်း။

လေကြောင်းခရီးစဉ် အနေဖြင့် လေကြောင်းလိုင်းများသည် ၎င်းတို့ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုဖြင့် ရပ်တည်နေရသည့် လုပ်ငန်းများဖြစ်သည့်အပြင် မြန်မာ့အမျိုးသားလေကြောင်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်လျက်ရှိသည့် လေကြောင်းလိုင်းဖြစ်ပြီးလေကြောင်းလိုင်းမှ ရရှိသည့်ဝင်ငွေဖြင့်သာ ရပ်တည်နေရသည့် လုပ်ငန်းဖြစ်ပါကြောင်း။

ခရီးစရိတ်နှုန်းထားနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများအတွက် ယာဉ်စီးခနှုန်းထားများအား ယခင်နှုန်းထားဟောင်း အတိုင်းမဟုတ်ဘဲ ဒေသန္တရနှုန်းထားများဖြင့် ကုန်ကျသည့်ခရီးစရိတ်ကို ခံစားခွင့်ပြုလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်အရ ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းဖြင့် ခရီးသွားလာခြင်းများအတွက် အမှန်ကုန်ကျစရိတ်ကို ပြန်လည်တင်ပြတောင်းခံလာပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၊ သက်ဆိုင်ရာဌာန၏ သာမန်အသုံးစရိတ်မှကျခံ၍ ပြန်လည်ထုတ်ပေးခြင်းဖြစ်သဖြင့် ထိုဝန်ထမ်းများ၏ ခရီးစရိတ်အား နိုင်ငံတော်မှ ကျခံပေးခြင်းပင် ဖြစ်ပါကြောင်း။

ထို့ပြင် တာဝန်ဖြင့် ခရီးသွားသည့် ဝန်ထမ်းများအတွက် ခရီးသွားနေ့တွက်စရိတ်အား တစ်ရက်လျှင် ကျပ် ၄၈၀၀ နှုန်းဖြင့်လည်းကောင်း၊ တည်းခိုစရိတ်နှုန်းထားများကို ရာထူးအဆင့်အလိုက်နှင့် မြို့အလိုက်ခွဲခြား၍ လည်းကောင်း သတ်မှတ်ခံစားခွင့်ကို မြန်မာနိုင်ငံ ခရီးစရိတ်နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ခံစားခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လှိုင်ကော်မှ ရန်ကုန်သို့ အသွားအပြန် ခရီးစဉ်ရပ်နားထားသည့်မြန်မာအမျိုးသားလေကြောင်းလိုင်းအား မည်သည့်အချိန်နှင့် မည်သို့သော နှုန်းထားများဖြင့် ကောက်ခံ၍ ပြေးဆွဲပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လှိုင်ကော်လေယာဉ်ကွင်း ထိခိုက်ပျက်စီးမှုများ ပြုပြင်ခြင်းကို ယခုအခါ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းတွင် လေယာဉ်ဆင်းသက်အသုံးပြုရန် အဆင်သင့်ရှိနေသဖြင့် လေယာဉ် ဆင်း၊ တက်မှုအတွက် လေယာဉ်ကွင်း ဖွင့်လှစ်ထားရှိပါကြောင်း။

ယခုအခါ ကယားပြည်နယ်အစိုးရမှ မြန်မာအမျိုးသားလေကြောင်းလိုင်းအား လှိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ အသွား၊ အပြန် လေယာဉ်ခရီးစဉ်များ ပြန်လည်ဆင်း၊ တက် ပြေးဆွဲနိုင်ရေးနှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်နိုင်သည့် အနေအထားရှိသည်ဟု ပြန်ကြားချက် ရရှိပြီးဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လေယာဉ်ပြေးဆွဲရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့အဝင် လှိုင်ချောင်းနှင့် မြို့အတွင်းရှိ ချောင်းတောင်ချောင်းအား အမြန်ဆုံးပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့ကရိတ်မြို့ ချောင်းတောင်ချောင်းအတွင်း ပိတ်ဆို့နေသော သောင်ခုံများ၏ အခြေအနေကို လာမည့် ပွင့်လင်းရာသီတွင် ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ် ခရုတုတ်(အရှေ့ရွာ) မြောက်ဘက်တွင်ရှိသော ပန်းလောင်မြစ်နံရံနှင့် မြစ်ရေထိန်းတာရိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်သားမြို့နယ် ခရုတုတ်အရှေ့နှင့် ခရုတုတ် အနောက်ကျေးရွာနှစ်ခုအား ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် စုစုပေါင်း အလျား ပေ ၂၄၀၀ ခန့်ကို ကွန်ကရစ်ပိုင်တိုင် အခြေပြုကျောက်ဖြည့်မြေထိန်းနံရံဖြင့် တည်ဆောက်ကာကွယ်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၅၀ သန်းခန့်ဖြစ်ပါကြောင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အသေးစိတ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပန်းလောင်မြစ် ကမ်းပြိုကာကွယ်ရေးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ငယ်၊ ချောင်းငယ်တစ်ခုဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့ အမှတ် ၂ မြောင်းမှ ထမ္မနိုင်ကျေးရွာထိ မြောင်းသည် တိမ်ကောနေပါသဖြင့် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကော့မှူးမြို့နယ် အမှတ်(၂) မြောင်းကူးတံတားမှ ထမ္မနိုင်ကျေးရွာအထိ အလျားပေ ၁၅၉၀၀ ခန့်အား ပြန်လည်နုန်းဆယ်တူးဖော်ပေးခြင်းဖြင့် ကော့မှူး-ဝါးဘလောက်သောက် ကားလမ်းမကြီး ဝဲ/ယာရှိ လယ်မြေ ဧက ၆၅၀ အား မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးရာသီတွင် ရေချိုပိုမိုသွင်းယူ၍ နွေစပါး ၄၄၉ ဧက တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကော့မှူးမြို့ အမှတ် (၂) မြောင်းမှ ထမ္မနိုင်ကျေးရွာအထိမြောင်းအား ပြန်လည်နုန်းဆယ်တူးဖော်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း၏ **သနပ်ပင်မြို့နယ် မင်းရွာကျောင်းစုကျေးရွာအုပ်စုရှိ ကြာဖြူရိုးတိမ်ကောနေမှုအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သနပ်ပင်မြို့နယ် ကြာဖြူရိုးချောင်းသည် အလျား ၃ ဒသမ ၅ မိုင်ခန့် ရှည်လျား၍ တောင်သူများအတွက် အရေးပါသည့် ရိုးချောင်းတစ်ခုဖြစ်ပါကြောင်း။

ကြာဖြူရိုးချောင်းတူးဖော်ခြင်း လုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော်လည်း တူးဖော်ခဲ့သည့်ကာလမှာ ကြာမြင့်ပြီဖြစ်ခြင်း၊ ချောင်းတစ်လျှောက် သဲနုန်းပို့ချမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် တိမ်ကောလျက်ရှိသဖြင့် ကြာဖြူရိုးချောင်းအား ပြန်လည်တူးဖော်ရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကြာဖြူရိုးချောင်း တူးဖော်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ်ရှိ ရေငန်တားရေတံခါးများ ပျက်စီးနေမှုနှင့် ဆည်မြောင်းရေတံခါးလုံခြုံရေးတို့အတွက် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီတိုင်းဒေသကြီး ငပုတောဒေသသည် ပင်လယ်နှင့်ဆက်စပ်နေသဖြင့် ရေငန်ဝင်ရောက်သော ဒေသဖြစ်ပြီး မိုးစပါးစိုက်ပျိုးမှု အောင်မြင်စေရန်အတွက် အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာ၊ မကျီးပင်-မဒေါ့ကန်တာနှင့် သစ်ပုတ်ထိပ် ရေငန်တားတာတို့ကို တည်ဆောက်ထားပါကြောင်း၊ အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာတွင် စုစုပေါင်းရေတံခါး ၁၃ လုံးမှ စိုက်ပျိုးမြေ ဧက ၂၈၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါကြောင်း။

ယခုအခါ ကျွန်းပတ်တာများရှိ ရေတံခါးအဆောက်အအုံများ၏ ရေတံခါးရွက်များမှာ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းခြင်း၊ ရေလုံသားရေပြားများ ယိုယွင်းပျက်စီး၍ ရေစိမ့်ထွက်ခြင်း၊ ဂီယာအုံများ ပျက်စီးယိုယွင်းခြင်းတို့ဖြစ်ပေါ်နေ၍ ပြုပြင်ရန် လိုအပ်လျက်ရှိသည့် အခြေအနေဖြစ်ပါကြောင်း။

ရေတံခါး ၁၃ လုံးအနက်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အလယ်ကျွန်း (၁) တာရှိ ရေတံခါးတစ်လုံးကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့်လည်းကောင်း၊ အလယ်ကျွန်း(၃)တာရှိ ရေတံခါးနှစ်လုံးကို ပြည်ထောင်စု ရန်ပုံငွေဖြင့်လည်းကောင်း ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ပြုပြင်ရန်ကျန်ရှိသော ရေတံခါး ၁၀ လုံးကို နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဦးစားပေးအလိုက် ပြည်ထောင်စုရန်ပုံငွေ/ တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ရေတံခါးများ အဖွင့်အပိတ်လွယ်ကူစေရန် ဆေးသုတ်ခြင်း၊ ဆီထိုးခြင်း၊ ရေတံခါး အဝင်/ အထွက်မြောင်းများတွင် အမှိုက်များ၊ မြက်ပင်၊ ချုံပင်များရှင်းလင်းခြင်းလုပ်ငန်းများကို သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် နှစ်စဉ်ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်-ဝင်းကဒက် ချောင်း ၁၇/၄ မိုင် ပြန်လည်တူးဖော်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဝေါမြို့နယ် ထိန်တပင်-ဝင်းကဒက် ချောင်းသည် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သော အလျား ၁၇ မိုင် ၄ ဖာလုံ ရှည်လျားသည့် ချောင်းတစ်ခုဖြစ်ပါကြောင်း၊ ထိန်တပင်-ဝင်းကဒက်ချောင်း တိမ်ကောနေ၍ ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ လယ်မြေဧက ၉၅၀၀ ခန့် ရေကြီးနစ်မြုပ်ခြင်း၊ သီးနှံများ ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ စိုက်ဧကလျော့နည်းခြင်းများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ချောင်းတူးဖော်ခြင်းနှင့် ရေငန်တားရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်-ဝင်းကဒက်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက်လည်း အသေးစိတ်စူးစမ်းလေ့လာခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး ဆက်လက်လျာထား စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ရေထွက်ပစ္စည်းများ တိုးချဲ့မွေးမြူမည့်စီမံချက်၊ တန်ဖိုးမြှင့်ပစ္စည်း (Value Added) ပြုလုပ်မည့် အစီအစဉ်နှင့် ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်း ထုတ်လုပ်မှုလျာထားချက်၊ ငါးနှစ်တစ်ကြိမ် ထုတ်လုပ်မှုအစီအမံ စသည်တို့အား မည်သို့တိုးချဲ့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက မြန်မာနိုင်ငံ၏ ရေသတ္တဝါ ငါးမွေးမြူရေးလုပ်ငန်းအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ စီမံကြီးကြပ်ကွပ်ကဲခြင်း၊ ငါးသားပေါက် လိုအပ်ချက်များအပေါ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝငါးသယံဇာတများ ပေါ်များစေရေးအတွက် ငါးမျိုးစိုက်ထည့်ပေးခြင်းနှင့် နည်းပညာ အကူအညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၅ သို့ ***

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် ၁/၂၀၂၆ ကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၈




တရားလွှတ်တော် ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၆ ကို နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ Cluster – 1, Bluding (6)ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီရုံး၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၁၆၄ ဦးအား တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ/မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၁၃ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ (၁) အရ ထိုက်သင့်သည့် အရေးယူမှုပြုလုပ်ရန် သင့်/ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးက ဘဏ်ရှေ့နေခန့်ထားနိုင်ရေး အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးနိုင်ပါရန် လျှောက်ထားသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် လစ်လပ်လျက်ရှိသည့် အဖွဲ့ဝင် နှစ်ဦးနေရာနှင့် ဒုတိယဥက္ကဋ္ဌနေရာတို့အတွက် ဆွေးနွေးဆုံးဖြတ်သည့်ကိစ္စ၊ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၁ (ခ)၊ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၁၅ တို့ကို ပြင်ဆင်နိုင်ရေးနှင့် နည်းဥပဒေ ၁ (ဂ) ၏နောက်တွင် နည်းဥပဒေ ၁ (ဃ) ကို ဖြည့်စွက်ရန်ကိစ္စ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးပို့ခဲ့သည့် တိုင်ကြားစာများအား မှတ်တမ်းတင်ရန်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ပြင်းထန်စွာသတိပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များ အမိန့်မိတ္တူများနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ရန်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

**✻ စာမျက်နှာ ၄ မှ**

ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထုတ်လုပ်မှုတိုးတက်စေရေးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဈေးကွက်အသစ်များရှာဖွေခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ခြင်း၊ သွင်းကုန်အစားထိုး လုပ်ငန်းများကို အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်ခြင်း၊ စီးပွားရေး ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်လျက်ရှိသည့် စက်ရုံ ၁၁ ရုံရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန် ၁၃ မျိုးအား နိုင်ငံတကာဈေးကွက်သို့ ထုတ်လုပ်တင်ပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ တန်ဖိုးမြှင့်ထုတ်ကုန်များ အပါအဝင် ရေထွက်ကုန်ပစ္စည်းများအား အီးယူနိုင်ငံများ၊ ပင်လယ်ကွေ့ဒေသနိုင်ငံများ၊ တရုတ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မည့် ဧရိယာများအတွက် လိုအပ်သည့် သွင်းအားစုများရရှိနိုင်ရေးအတွက် ဒေသအတွင်းမှာ ရရှိနိုင်သည့် အစာကုန်ကြမ်းများ အသုံးပြုမွေးမြူထုတ်လုပ်နိုင်ရေး နည်းပညာပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများ ရရှိနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ မွေးမြူရေးမြေနေရာ လိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ငါး၊ ပုစွန်မွေးကန်များ တိုးချဲ့မွေးမြူနိုင်ခြင်းဖြင့် ဒေသတွင်း ငါးရိက္ခာဖူလုံစေမည့်အပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **“အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ်ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက် ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်းတင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို”** ကို တင်သွင်းရာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ) နေရှိုင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---

## လင်းခေးမြို့ ရွှေတောင်တန်းငွေစုငွေချေး သမဝါယမအသင်း အမှုဆောင်အဖွဲ့သစ်ရွေးချယ်

လင်းခေး ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ ရွှေတောင်တန်း ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းဝင်များ၏ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်စုဆောင်းငွေအပေါ်အတိုးနှင့် အစုအပေါ်အမြတ်ငွေများ ပေးအပ်ခြင်းနှင့် အသင်းအလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လင်းခေးမြို့ ဝမ်လွိုင်ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြဝင်းနှင့် အသင်းဥက္ကဋ္ဌတို့က အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေစာရင်းရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်းဖတ်ကြားခြင်းနှင့် အသင်းအမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်းများဆောင်ရွက်ကြပြီး အသင်းသား ၃၅၀ တို့အား စုဆောင်းငွေအပေါ်အတိုးနှင့် အစုအပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**






## ဆီဆိုင်မြို့နယ်၌ ဒေသခံပြည်သူများအား ကျေးရွာမြေပုံဂရန်ပေးအပ်

ဆီဆိုင် ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာရှိ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ဆိုက်ခေါင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန် လက်မှတ်များကို ပေးအပ်သည်။ ထို့နောက် ကျေးရွာပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါကျေးရွာမြေငှားဂရန်ကို ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာရှိ အိမ်ထောင်စု ၁၁၈ စုအား ကျေးရွာမြေငှားဂရန်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြဆောင်ရွက်

သရက် ဇူလိုင် ၈

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မလွန်ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မလွန်ကျေးရွာရှိ ဧရာဝတီမြစ်ကမ်းဘေးတွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



**စာအုပ်စာပေ လူ့မိတ်ဆွေ**

☆ ကျောဖုံးမှ

အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးမောင်စိန်၏ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ဒေသ အုန်းပင်ကွင်းကျေးရွာအုပ်စုနှင့် သဲချောင်းကျေးရွာအုပ်စုအကြားရှိ အလျား ၂၅ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေ ရှိသော ကျေးရွာချင်းဆက်တံတားမှာ ပြိုကျပျက်စီးလာပါသဖြင့် RC သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါတံတားသည် ရေဖြူမြို့နယ် ကံပေါက်ဒေသ သဲချောင်း ကျေးရွာအုပ်စု သဲချောင်း-သပွတ်ချောင်းကျေးရွာချင်းဆက် လမ်းပေါ်တွင် တည်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းပိုင်းတွင်ပါဝင်ပါကြောင်း၊ ယင်းလမ်းပိုင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း ၃ မိုင် ၂ ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါတံတားနေရာသို့ ဌာနဆိုင်ရာဝန်ထမ်းများ သွားရောက်၍ အသေးစိတ်ကွင်းဆင်းစိစစ်ရန် လတ်တလောလုံခြုံရေးအခြေအနေအရ ခက်ခဲလျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါ RC သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်မှသာ မြေပြင်ကွင်းဆင်းစိစစ်၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် နီးစပ်ရာဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးခဲချိန်၏ **စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို)လမ်း၊ နန်းယွန်း-ပန်ဆောင်ကြားမှ နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် လမ်းပိုင်း(၁၇/၀)မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နန်းယွန်း - ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်း ၁၉၅ မိုင် ၁ ဖာလုံရှိသော [National Highway-အမှတ်(၄၉)] လမ်းတွင်ပါဝင်ပါကြောင်း၊ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၎င်းလမ်းပိုင်းသည် မြို့နယ်ချင်းဆက်လမ်းဖြစ်၍ ၂၀၁၆ ခုနှစ်တွင် မိုင်တိုင်အမှတ် (၀/၀)မှ (၁၂/၀)အထိ နှင့် မိုင်တိုင်အမှတ် (၂၉/၀)မှ (၃၅/၀)အထိ စုစုပေါင်း ၁၈/၀ မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် မိုင်တိုင်အမှတ်(၁၂/၀)မှ (၂၉/၀)ထိ ၁၇/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်းပိုင်းတွင် ပါဝင်ခြင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံချိတ်ဆက်ဆောင်ရွက်မည့်လမ်းဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် တန်ချိန်များပြားသည့်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမည်ဖြစ်၍ လမ်းပိုင်း၏ သတ်မှတ်ချက် အဆင့်နှင့်သင့်လျော်သည့် လမ်း/တံတားလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းရယူ ဆောင်ရွက်သင့်ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး သဘောတူညီပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါက်တာ နိုင်လင်း၏ **ကယားပြည်နယ်တွင် ကာလရှည်ကြာစွာ စစ်ဘေးဒဏ်များ ခံစားခဲ့ရပြီးနောက် ပြည်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်းများ ချမှတ်ရေးဆွဲပြီး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ခရီးသွားလုပ်ငန်း အပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကယားပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၄၉ သန်းကျော်အား ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေသို့ လွှဲပြောင်းပေးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် နေရပ်စွန့်ခွာသူများသို့ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၉၃၆ သန်းကျော်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်စစ်ဘေးရှောင်များအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးနေအိမ်များအတွက် သတ်မှတ်ထောက်ပံ့ကြေး၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည်တို့ကို ထောက်ပံ့ထားရှိမှုသည် စုစုပေါင်း ငွေကျပ် ၇၃၆ သန်းခန့်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ထိခိုက်လွယ်အုပ်စုဝင် ၆၅၉၂ ဦးတို့အား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၉၇ ဒသမ ၇၆ သန်းထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့အတူ ကယားပြည်နယ် အစိုးရအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၉၅၇ သန်း၊ ဆန်အိတ် ၄၁၂ အိတ်၊ ဆီ ၄၃၆ ပိဿာကိုလည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆန်အိတ် ၇၄၀၊ ဆီ ၉၂၄ ပိဿာကိုလည်းကောင်း ထောက်ပံ့ခဲ့ပါကြောင်း။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အနေဖြင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းများ၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ စက်ချုပ်နည်းပညာသင်တန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဒေသတွင်း အသေးစား လုပ်ငန်းအဖြစ် ထူထောင်လိုပါက လုပ်ငန်းလိုင်စင်လျှောက်ထားပေးခြင်း၊ ထုတ်ကုန်များအားဈေးကွက်ရရှိရေးနှင့် ဓာတ်ခွဲစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပုဂ္ဂလိက စက်မှုလုပ်ငန်း ၂၇၉ ခုအား မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် မြို့တွင်းလည်ပတ်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၇၇ ခု၊ လွိုင်ကော်စက်မှုဇုန်တွင် လည်ပတ်နေသည့်လုပ်ငန်းကိုးခုတို့တွင် ဒေသတွင်းလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဟိုတယ်/တည်းခိုရိပ်သာများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဟိုတယ်သုံးလုံးနှင့် စည်ပင်တည်းခိုခန်းခုနစ်လုံး ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသ ၁၂ ခုသို့ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသရှိလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ၂၀၂၆ ခုနှစ် အောက်တိုဘာတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များ(MSMEs)သင်တန်းနှင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာတွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းသုံးမျိုးကိုလည်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားစီးပွားရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးကဏ္ဍများ၌ သမဝါယမအသင်း ၁၅ သင်း၊ တောင်သူ ၃၉၂ ဦးကို ငွေကျပ် သန်း ၃၁၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကျပ် ၃၆၉ ဒသမ ၅ သန်း၊ တောင်သူအစုအဖွဲ့ ၁၆၉ ဖွဲ့၊ တောင်သူ ၁၄၅၁ ဦး၊ လယ်မြေ ၁၉၁၃၄ ဒသမ ၅ ဧကအတွက် ငွေကျပ် ၄၁၂၄ ဒသမ ၆၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါးမွေးမြူရေးကဏ္ဍအနေဖြင့်လည်း ငွေကျပ် ၃၀၁ သန်းနှင့် ကြက်၊ ဝက်နှင့် ဒေသန္တားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၂၂၆၀ ဒသမ ၄ သန်းကိုလည်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း စိုက်ပျိုးရေးတောင်သူ ၅၇၇ ဦး၊ စိုက်ဧက ၅၅၈ ဒသမ ၇ ဧကအတွက် ချေးငွေ ကျပ် ၂၇၉၃ ဒသမ ၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထပ်မံထုတ်ချေးပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသ၏ ပထဝီဝင် ရေမြေအနေအထား၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရရှိနိုင်သော ဒေသအရင်းအမြစ်များနှင့် နိုင်ငံ၏ လက်ရှိအနေအထားပေါ် မူတည်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက် ဦးစီးဦးဆောင်၍ စီမံကိန်း/စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်းဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် မဟာဗျူဟာစီမံကိန်းများ ပူးပေါင်းရေးဆွဲ ဆောင်ရွက်မှုမရှိပါကြောင်း၊ သို့သော် အဆိုပါစီမံကိန်း/စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းတာဝန်(Mandated)များအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သိဂီဝင်းရွှေ၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်နှင့် ကသာမြို့ နယ်တွင် စစ်ဘေးဒဏ်ကြောင့် နေအိမ်များ၊ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိမိတို့မြို့ပေါ်တွင် ပြန်လည်အခြေချနေထိုင်လျက်ရှိကြသော စစ်ဘေးရှောင်ပြည်သူများအား နိုင်ငံတော် အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် နေထိုင်မှု အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နယ်မြေ အခြေအနေကြောင့် နေရပ်စွန့်ခွာနေထိုင်ရသူများအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထောက်ပံ့ပေးခဲ့ရာ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၁၈၃၃၆ ဒသမ ၄၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည်နေထိုင်လျက်ရှိကြသူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲ၊ မိုးကာစနှင့် တာပေါ်လင်လိပ်များကိုလည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများ၊ နယ်မြေတည်ငြိမ်အေးချမ်းလာသဖြင့် ပြန်လည်နေထိုင်သူများ၊ ပျက်စီးနေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၅၃ သန်းကျော် ထောက်ပံ့ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကောလင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်း ခရိုင်၊ မုံရွာခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်များအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံ စသည့် အစားအစာရိက္ခာများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၂၀၃၃ ဒသမ ၃၁ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အတွင်း ပြန်လည်ဝင်ရောက် နေထိုင်သူများအနေဖြင့် ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် ထောက်ပံ့မှု မကျန်ရှိစေရေးတို့အတွက် ပြန်လည် ရောက်ရှိနေထိုင်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက စာရင်းများတင်ပြလာပါက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သတ်မှတ်နှုန်းထား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန်နှင့် အမျိုးသားလွှတ်တော်က ယခုတင်ပြချက်ဖြင့် ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက် ၃၀ ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် **စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ

ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင်က အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံက အခွန်စနစ်သည် ဝင်ငွေကောက်ခံရေးစနစ်တစ်ခုသာ မဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူအကြား ယုံကြည်မှုကို တည်ဆောက်ပေးသော ယန္တရားတစ်ခုလည်း ဖြစ်ပါကြောင်း၊ အခွန်စီမံခန့်ခွဲရေးကဏ္ဍအတွင်း အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးရုံသာမက ဥပဒေကိုလိုက်နာသော အခွန်ထမ်းများအပေါ် မမျှတမှုများဖြစ်ပေါ်စေပြီး ပြည်သူများ၏ အခွန်စနစ်အပေါ် ယုံကြည်မှုကိုလည်း လျော့နည်းစေပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်သတ်မှတ်ခြင်းဆိုင်ရာစံနှုန်းများကို လွယ်ကူစွာမသိရှိရခြင်းသည် အဂတိဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း။

အခွန်တွက်ချက်မှုဆိုင်ရာ စံနှုန်းများ၊ နှုန်းထားများနှင့် တွက်ချက်ပုံများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးပြီး အခွန်ထမ်းတိုင်း မိမိအမှန်တကယ်ပေးဆောင်ရမည့် အခွန်ပမာဏကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ကုမ္ပဏီများသာမက တစ်ဦးချင်း အခွန်ထမ်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများပါ အလွယ်တကူအသုံးပြုနိုင်စေရန်အတွက် အသုံးပြုနည်းများကို ပိုမိုရိုးရှင်းအောင် ပြင်ဆင်သင့်ပါကြောင်း။

အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် ဒီဂျစ်တယ် နည်းပညာ အသုံးချနိုင်စွမ်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးသင့်သကဲ့သို့ အခွန်ထမ်းများအတွက်လည်း အခွန်ဥပဒေနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ အသုံးပြုနည်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းများအတွက် ယုံကြည်ရသော အခွန်စနစ်တစ်ရပ် ဖြစ်ပေါ်လာပါက နိုင်ငံတော်၏အခွန်ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက အခွန်ကောက်ခံမှုစနစ်ကို ဒီဂျစ်တယ်စနစ် (Digitalization & E-Tax System) သို့ ရာနှုန်းပြည့်ပြောင်းလဲပါက ပြည်သူများ အခွန်ရုံးသို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်ဘဲ မိုဘိုင်းဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက် (Web Portal) မှတစ်ဆင့် အလွယ်တကူအခွန်တွက်ချက်ခြင်းနှင့် ပေးဆောင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည့် Mobile Tax Application ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ် (E-Payment Integration)နှင့် ချိတ်ဆက်ပါက အခွန်ငွေများကို ငွေသား (Cash) ဖြင့် ကောက်ခံခြင်းထက် ဘဏ်စနစ် (Mobile Banking, iBanking, QR Code Payment) များဖြင့်သာ တိုက်ရိုက်ပေးဆောင်စေသည့်စနစ်ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းပြည်သူများ၏ အခွန်ငွေများသည် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ တိုက်ရိုက်၊ ချက်ချင်းနှင့် ရာနှုန်းပြည့်ရောက်ရှိစေမည် ဖြစ်ပါကြောင်း။

အခွန်နှုန်းထားနှင့် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင် လျှော့ချ (Simplification of Tax Code) ပါက သမားရိုးကျလုပ်ငန်းရှင်များနှင့် ပြည်သူများ နားမလည်နိုင်သည့် ရှုပ်ထွေးသော အခွန်တွက်ချက်မှုပုံသေနည်းများကို ရိုးရှင်းလွယ်ကူအောင်ပြင်ဆင်ပြီး အခွန်အမျိုးအစားများ တစ်နေရာတည်းတွင် တစ်ပါတည်းပေးဆောင်နိုင်မည့် One-Stop Service (OSS) များကို မြို့နယ်အဆင့်အထိ ဖော်ဆောင်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် အခွန်ပေးဆောင်ခြင်းကို ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ဂုဏ်ယူစရာ တာဝန်တစ်ခုအဖြစ် ခံယူလာနိုင်ပြီး အခွန်ရှောင်လိုစိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

စောင့်ကြည့်စစ်ဆေးရေးစနစ် (Transparency & Feedback Mechanism) ထူထောင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူများ တိုက်ရိုက်တိုင်ကြားနိုင်မည့် အွန်လိုင်းအဂတိတိုင်ကြားမှုစနစ် (Online Complaint Portal) ထားရှိမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်က ပြည်သူများသည် နိုင်ငံတော်၏အခွန်ကို အပြည့်အဝပေးဆောင်ချင်ကြသော်လည်း လက်ရှိရှုပ်ထွေးနေသည့် အခွန်ထည့်သည့်စနစ်များကြောင့် နိုင်ငံတော်အခွန်များ နစ်နာထိခိုက်မှုများ ကြုံတွေ့နေရပါကြောင်း၊ ပြည်ထောင်စုအခွန်အကောက်စနစ်အား ခေတ်နှင့်လျော်ညီစွာ လွယ်ကူသည့် One Stop Service ဖြင့် ဆောင်ရွက်ပြုပြင်ပေးစေလိုပါကြောင်း၊ အစိုးရဝန်ထမ်းများ အဂတိတရားကင်းစင်မှသာ ဝန်ထမ်းကောင်းများဖြစ်လာပြီး အစိုးရကောင်းတစ်ရပ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါ်နော်ဖလောရင့်ဒယ်နီက အဂတိဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် အပ်နှံထားသော အာဏာ၊ ရာထူး(သို့မဟုတ်) လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်း ဖြစ်ပါကြောင်း၊ အဂတိတရားများပြားသော နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းနည်းပါးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ အဂတိတိုက်ဖျက်ရေးကို အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူရမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများကို လက်မခံသော ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်မှသာ သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အဂတိနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို လုံခြုံစိတ်ချစွာလက်ခံနိုင်သည့်စနစ်များ တည်ဆောက်ရန်လည်းလိုအပ်ပါကြောင်း၊ သတင်းပေးတိုင်ကြားသူများကို ဥပဒေအရအကာအကွယ်ပေးနိုင်မှသာ အဂတိများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးသည် စီးပွားရေးမူဝါဒကောင်းများ ချမှတ်ခြင်းကဲ့သို့ပင် အရေးကြီးသော ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိတရားကို တိုက်ဖျက်ရာတွင် ပြစ်ဒဏ်ပေးခြင်းတစ်ရပ်တည်းဖြင့် မလုံလောက်ဘဲ ကာကွယ်တားဆီးရေးနှင့် အသိပညာပေးရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိတရားတိုက်ဖျက်ရေးသည် ဥပဒေစိုးမိုးရေးကိစ္စတစ်ခုတည်းသာ မဟုတ်ဘဲ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသော အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးသည် အဓိကကျသည့်အတွက် ပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည်ဖြစ်သကဲ့သို့ ရရှိသောအခွန်များကို အစိုးရအနေဖြင့် နိုင်ငံတော်အတွက် ပြန်လည်အသုံးပြုရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူများထံမှ အခွန်များကောက်ခံရာတွင် ယခင်က သတ်မှတ်ထားသောအခွန်နှုန်းထားများသည် ခေတ်ကာလနှင့် မညီညွတ်သည့်အတွက် ယနေ့ခေတ်ကာလနှင့် ကိုက်ညီသော အခွန်နှုန်းထားများသို့ ပြောင်းလဲ၍ ကောက်ခံသင့်ပါကြောင်း။

အခွန်တိမ်းရှောင်သူများကြောင့် ရသင့်ရထိုက်သည့် အခွန်များမရရှိဘဲ အဂတိကြောင့် နိုင်ငံတော်တွင် အခွန်ဝင်ငွေများ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း၊ အဂတိကင်းရှင်းအောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေတိုးတက်လာမည် ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က မြန်မာနိုင်ငံတွင် အခွန်စနစ် ပိုမိုအားကောင်းလာစေရန်နှင့် အဂတိလိုက်စားမှုကို ထိရောက်စွာလျှော့ချနိုင်ရေးသည် ရေရှည်တည်ဆောက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး အပြန်အလှန်ချိတ်ဆက်နေသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အခွန်ကောက်ခံမှု စနစ်တကျမရှိလျှင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေပိုများပြီး အဂတိများနေပါက နိုင်ငံတော်ကရသင့်ရထိုက်သည့် အခွန်ငွေများ ဆုံးရှုံးနေမည်ဖြစ်ပါကြောင်း။

နည်းပညာသုံး အခွန်စနစ်သို့ ပြောင်းလဲခြင်း (Digitalization)သည် လူနှင့်လူ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကိုလျှော့ချခြင်းဖြင့် အဂတိတရားကို တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်လိုသူများအနေဖြင့် အခွန်ရုံးများကို ကိုယ်တိုင်သွားစရာမလိုဘဲ အွန်လိုင်းမှ ပွင့်လင်းမြင်သာစွာတွက်ချက်၍ Electronic စနစ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကောင်းအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ အခွန်နှုန်းထားများနှင့် အခွန်ကင်းလွတ်ခွင့်များကို ရှုပ်ထွေးမှုမရှိစေဘဲ ရှင်းလင်းလွယ်ကူအောင် ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဝန်ထမ်းများက မိမိသဘောအတိုင်း ဆုံးဖြတ်နိုင်ခွင့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ကောက်ခံရရှိသော အခွန်ငွေကို မည်သည့်နေရာများတွင် ပြန်လည်အသုံးပြုနေသည်ကို ပြည်သူလူထု သိသာမြင်သာအောင် အစီရင်ခံစာထုတ်ပြန်ပေးခြင်းသည် ပြည်သူလူထုအား အခွန်ပေးဆောင်လိုစိတ်ကို မြှင့်တင်ပေးနိုင်ပြီး အစိုးရအပေါ်ယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၀ ရက်တွင်ကျင်းပမည့် ၁၅ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်**

❖ **မြန်မာ့လက်ရွေးစင်မှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် ဂျော်အန်ဒါဆန်အား စာချုပ် ချုပ်ဆိုပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက MFF အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းနည်းပြဖြစ်သည့် ဦးမျိုးလှိုင်ဝင်းနှင့် လမ်းခွဲပြီးနောက် နည်းပြချုပ်နေရာ အပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသား နည်းပြတစ်ဦး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ယခုခန့်အပ်လိုက်သည့် အန်ဒါဆန်သည် အသက် ၆၃ နှစ်ရှိပြီး နော်ဝေလက်ရွေးစင်တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သည်။

ထို့ပြင် နည်းပြအတွေ့အကြုံကောင်းများရှိသူဖြစ်ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဂျာမနီ၊ ဂရိ၊ ဩစတြီးယားစသည့် ကလပ်အသင်းများကို ကိုင်တွယ်ကာ ဂျာမန်ကလပ်မိန့်ဇ်အသင်းကို ဘွန်ဒစ်လီဂါတန်း တက်ခွင့်ရအောင် စွမ်းဆောင်ပေးခဲ့သည်။ လက်ရွေးစင်အသင်း နည်းပြအတွေ့အကြုံများအဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြောက်ကိုရီးယားအသင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဟောင်ကောင်လက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တောင်ကိုရီးယား၊ တရုတ်ကလပ်များကိုလည်း ကိုင်တွယ်ခဲ့ကာ နောက်ဆုံးအဖြစ် တရုတ်ကလပ် ယူနန်ယာကွန်အသင်းကို ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

**ခြေစမ်းပွဲကစားမည်**

နည်းပြသစ် အန်ဒါဆန်သည် ယခုနှစ်အတွင်း မြန်မာ့လက်ရွေးစင်အသင်းအား နိုင်ငံတကာပြိုင်ပွဲနှစ်ခု ကိုင်တွယ်ရမည်ဖြစ်ပြီး ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ကျင်းပမည့် အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲ၊ စက်တင်ဘာလတွင် စတင်မည့် ဖီဖာ-အာဆီယံဖလားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပထမဆုံးနိုင်ငံတကာပွဲအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - စိုးညွန့်သော်**

✧ **အီဂျစ်အသင်းမှ**

ကစားခဲ့တာကြောင့်အာဂျင်တီးနားအသင်း ကစားအားမြှင့်လာခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၇၉ မိနစ်မှာ ရိုမဲရိုးကတစ်ဂိုး၊ ၈၃ မိနစ်မှာ မက်ဆီကတစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ အန်ဇိုဖာနန်ဒက်ဇ်က တစ်ဂိုးသွင်းယူပေးခဲ့လို့ အာဂျင်တီးနားအသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အာဂျင်တီးနား အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ ယခု ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုး ရှစ်ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပြီး လက်ရှိအချိန်မှာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်မှာ ဆွစ်ဇာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းဟာ (၁၆)သင်းအဆင့်မှာ ကိုလံဘီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုကစားရာမှာလည်း အနိုင်အရှုံးမပေါ်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ ဆွစ်ဇာလန်အသင်းက လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)

မင်းခန့်

**လေးစားအပ်ပါသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီး ခင်ဗျာ**


ဒုတိယအကြိမ်မြောက် အိတ်ဖွင့်ပေးစာတစ်စောင် ထပ်မံပေးပို့အပ်ပါတယ်။ ပထမအကြိမ်ပေးစာထဲမှာ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စဂျူလီဘစ်ရှော့ (Ms. Julie Bishop)ရဲ့ လွဲမှားနေတဲ့ လုပ်ဆောင်ချက်တွေကို ပွင့်လင်းစွာ ထောက်ပြအသိပေးခဲ့ပါတယ်။ ယခု ဒုတိယအကြိမ် အိတ်ဖွင့်ပေးစာမှာတော့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ဖို့အတွက် အကြံပြုတိုက်တွန်းတဲ့စာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြုပြီး နှစ်စဉ် ကုလသမဂ္ဂအထွေထွေညီလာခံ(UNGA) ကျင်းပချိန်မှာ Credentials Committee က ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ခန့်အပ်မှုကို ဆိုင်းငံ့ထားလို့ ၂၀၂၁ ခုနှစ်ကစပြီး ကုလသမဂ္ဂစင်မြင့်မှာ မြန်မာနိုင်ငံ ကိုယ်စားပြုသူမရှိ ဖြစ်နေရပါတယ်။

ဒါပေမဲ့ ကုလသမဂ္ဂရဲ့ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်းအရ အမြဲတမ်းကိုယ်စားလှယ်နေရာ အစားထိုးခန့်အပ်ခြင်း မပြုနိုင်သေးသလို ကိုယ်စားလှယ်အဟောင်းကို ဖယ်ရှားခြင်းမပြုလို့ မြန်မာနိုင်ငံရဲ့ သစ္စာဖောက် ဝရမ်းပြေး ကျော်မိုးထွန်းက ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမယ့် ဝါဒဖြန့်ချိမှုများကို ပြုလုပ်နေတာ မြင်တွေ့ကြားသိနေရပါတယ်။

အမှန်စင်စစ် ကျော်မိုးထွန်းဟာ ယခင် ငါးနှစ်ကျော်က မဲလိမ်မဲခိုးမှုကြောင့် ပြုတ်ကျခဲ့တဲ့ NLD အစိုးရက ခန့်အပ်ခဲ့တဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ သူ့ကိုခန့်အပ်ခဲ့တဲ့ NLD အစိုးရဆိုတာ မြန်မာနိုင်ငံမှာ မရှိတော့လို့ သူ့အနေနဲ့ NLD ပါတီဝင်ဟောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ပြေး NUG အဖွဲ့ကို ကိုယ်စားပြုနေသူတစ်ဦးဖြစ်ပါတယ်။

NUG အဖွဲ့ဆိုတာ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတော်အစိုးရရဲ့ ဥပဒေနဲ့အညီ သတ်မှတ်ခံထားရပြီး ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်နိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)ကို ကျင့်သုံးနေတဲ့ အကြမ်းဖက်အဖွဲ့သာ ဖြစ်ပါတယ်။ ကျော်မိုးထွန်း ကိုယ်စားပြုတဲ့ NUG အဖွဲ့ရဲ့ အကြမ်းဖက်ဝါဒပုံစံသစ်ဆိုတာ နိုင်ငံရေးနဲ့ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကို အခြေခံပြီး နိုင်ငံတစ်ခုလုံးနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်စီးသွားအောင် အစိုးရ (Government) မဟုတ်တဲ့ နိုင်ငံတော် (State) ရဲ့ ဒေါက်တိုင်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to State Servants)၊ ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့ သူတို့ကို မထောက်ခံသူ အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to Civilians or Non-combatants)၊ ဥပဒေပြင်ပ လူသတ်တရားစီရင်ခြင်း (Extrajudicial killing)၊ အများပြည်သူနဲ့ ဆိုင်တဲ့နေရာတွေကို ဗုံးခွဲတိုက်ခိုက်ခြင်း (Mass Bombing and killing)၊ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ အခြေခံအဆောက်အအုံတွေကိုဖျက်ဆီးခြင်း (Destruction of Non-military infrastructure)တွေ ဖြစ်ပါတယ်။




ဖြုတ်ချခဲ့သည့် ၂၀၂၂ ခုနှစ် အကြမ်းဖက်မှုအညွှန်းကိန်း အစီရင်ခံစာမှတ်တမ်းပုံ။


အဆိုးရွားဆုံးလုပ်ရပ်ကတော့ NUG အဖွဲ့က ကျင့်သုံးတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ NUG က မွေးဖွားပေးခဲ့တဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းပျက်သုဉ်းသွားစေဖို့နဲ့ ပြည်သူတွေ စိတ်ဓာတ်ရေးရာ ကစဉ့်ကလျားဖြစ်သွားစေဖို့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ဒါကြောင့်လည်း **Global Terrorism Trends and Analysis Center** က ထုတ်ပြန်တဲ့ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုညွှန်းကိန်း(**Global Terrorism Index – GTI**) အရ မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုညွှန်းကိန်းက အမြင့်ဆုံးကို ရောက်ရှိခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလို မြင့်တက်လာခဲ့ရခြင်းအကြောင်းရင်းကိုလည်း ၂၀၂၂ ခုနှစ် GTI အစီရင်ခံစာမှာ ဖော်ပြထားရာမှာ ၂၀၂၁ ခုနှစ် နှောင်းပိုင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှု၊ ဗုံးဖောက်ခွဲမှုတွေကြောင့် ဖြစ်ပေါ်ရကြောင်း၊ အဲဒီအကြမ်းဖက်လုပ်ရပ်တွေရဲ့ အဓိက လက်သည်တရားခံကတော့ လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက်အဖွဲ့တွေဖြစ်တဲ့ KNLA၊ KNDF နဲ့ CDF အဖွဲ့တွေအပြင် NUG က ဖွဲ့စည်းပေးထားတဲ့ အကြမ်းဖက် PDF အဖွဲ့တွေဟာ အဓိက ကျူးလွန်သူတွေဖြစ်ကြောင်း အစီရင်ခံစာ စတင်ထုတ်ပြန်စဉ်က ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီအကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရ ဖုံးကွယ်ပေးလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှုကြောင့် အစီရင်ခံစာမှာ အဲဒီဖော်ပြချက်တွေကို ပြန်လည်ဖြုတ်ချခဲ့ပေမယ့်လည်း အဲဒီတုန်းက ဖော်ပြချက်တွေကို သိမ်းဆည်းထားတဲ့မှတ်တမ်းက ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလိုညွှန်းကိန်းမှတ်တမ်းတွေဟာ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာက သတ်မှတ်တဲ့ ခိုင်လုံတဲ့သက်သေတွေ ဖြစ်ပါတယ်။

ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ NUG၊ PDF အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မျက်ကွယ်ပြုပြီး NUG၊ PDF အကြမ်းဖက်သမားတွေကို နှိမ်နင်းနေတဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter-terrorism operations) ဆောင်ရွက်ချက်တွေကို တပ်မတော်က ပြည်သူကိုဖိနှိပ်နေတဲ့ သဘောမျိုး ဝါဒဖြန့်ချိမှုတွေကို သူတို့ကို ကိုယ်စားပြုပါတယ်ဆိုတဲ့ ဝရမ်းပြေးသစ္စာဖောက် ကျော်မိုးထွန်းက ကုလသမဂ္ဂမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုသလို ပုံစံမျိုးနဲ့ မကြာခဏပြောဆိုနေတာ ကြားသိနေရပါတယ်။

ကျော်မိုးထွန်းအနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြု တရားဝင်ပြောဆိုပိုင်ခွင့်မရှိပေမယ့် သူ့ကိုတရားဝင်ဖယ်ရှားခြင်းမပြုသေးတဲ့ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူအမြတ်ထုတ်ပြီး အလွတ်သဘောအစည်းအဝေးတွေမှာ ပြောဆိုခွင့်ရရှိနေတာကို စိတ်ပျက်ဖွယ်ရာ ကြားသိနေရပါတယ်။ **ကုလသမဂ္ဂစင်မြင့်ဟာ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသူတွေရဲ့ အသုံးချခံ Platform တစ်ခုဖြစ်နေပြီလား၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ပြန့်ပွားဖို့အတွက် ကုလသမဂ္ဂစင်မြင့်ကနေ ဖြန့်ဝေနေတဲ့ နည်းပေးလမ်းပြ ဖြစ်နေပြီလား** ဆိုတာ မေးခွန်းထုတ်လိုက်ချင်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာနိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့နေရာဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ (NLD အစိုးရ)ဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်းဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက် ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။



un.org/en/ga/contributions/honourroll_2020.shtml ← ကုလ ဝက်ဘ်ဆိုက်

President | About | Meetings | Main Committees | Newsroom | Documents | All Sessions

| | | | |
|---|---|---|---|
| 50 | Cambodia | 168,320 | 21-Apr-20 |
| 51 | Andorra | 140,266 | 24-Apr-20 |
| 52 | Albania | 224,427 | 28-Apr-20 |
| 53 | China | 336,780,502 | 1-May-20 |
| 54 | Mauritius | 308,587 | 7-May-20 |
| 55 | Republic of Moldova | 84,160 | 12-May-20 |
| 56 | Slovenia | 2,132,055 | 13-May-20 |
| 57 | Tonga | 28,053 | 26-May-20 |
| 58 | Cote d'Ivoire | 364,694 | 1-Jun-20 |
| 59 | Guyana | 56,107 | 1-Jun-20 |
| 60 | Myanmar | 280,534 | 1-Jun-20 |
| 61 | Botswana | 392,747 | 8-Jun-20 |
| 62 | Lao People's Democratic Republic | 140,266 | 9-Jun-20 |
| 63 | Saint Vincent and the Grenadines | 28,053 | 10-Jun-20 |
| 64 | Nicaragua | 140,266 | 11-Jun-20 |
| 65 | Gabon | 420,800 | 22-Jun-20 |
| 66 | Mali | 112,213 | 29-Jun-20 |



ကုလသမဂ္ဂနှစ်စဉ်ကြေးထည့်ဝင်ထားမှု အခြေပြဇယား။

လတ်တလော မဖုံးနိုင် မဖိနိုင်ပေါ်ပေါက်လာတဲ့ သစ္စာဖောက် ကျော်မိုးထွန်းရဲ့ ကိုယ်ကျင့်သိက္ခာပျက်ယွင်းမှုကတော့ NLD အစိုးရလက်ထက်က နယူးယောက်မှာရှိတဲ့ မြန်မာသံရုံးအသုံးစရိတ်အတွက် Bank of America မှာ အပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာ ဒေါ်လာ ၂ ဒသမ ၆ သန်းကျော်ကို စာရင်းမရှင်းဘဲ ခိုးယူသုံးစွဲထားခြင်းပဲ ဖြစ်ပါတယ်။ အဲဒီဘဏ္ဍာငွေတွေဟာ သံရုံးဝန်ထမ်းတွေရဲ့ လစာ၊ ရုံးအသုံးစရိတ်အပြင် နှစ်စဉ်ကုလသမဂ္ဂအတွက် မြန်မာနိုင်ငံက ထည့်ဝင်ရမယ့် နှစ်စဉ်ကြေးတွေ ဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂနှစ်စဉ်ကြေး ထည့်ဝင်မှုကို ၂၀၂၀ ပြည့်နှစ်အထိ အပြည့်အဝပေးချေခဲ့ပြီး ၂၀၂၁ ခုနှစ်မှစပြီး ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်ကြေး လုံးဝ ထည့်ဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။

စာမျက်နှာ ၉ သို့ ❑

■ **အမှန်စင်စစ် ကျော်မိုးထွန်းဟာ ယခင် ငါးနှစ်ကျော်က မဲလိမ်မဲခိုးမှုကြောင့် ပြုတ်ကျခဲ့တဲ့ NLD အစိုးရက ခန့်အပ်ခဲ့တဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ သူ့ကို ခန့်အပ်ခဲ့တဲ့ NLD အစိုးရဆိုတာ မြန်မာနိုင်ငံမှာမရှိတော့လို့ သူ့အနေနဲ့ NLD ပါတီဝင်ဟောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ပြေး NUG အဖွဲ့ကို ကိုယ်စားပြုနေသူတစ်ဦးဖြစ်ပါတယ်**

■ **NUG အဖွဲ့ဆိုတာ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတော်အစိုးရရဲ့ ဥပဒေနဲ့အညီ သတ်မှတ်ခံထားရပြီး ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်နိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)ကို ကျင့်သုံးနေတဲ့ အကြမ်းဖက်အဖွဲ့သာဖြစ်ပါတယ်**

❒ စာမျက်နှာ ၈ မှ

သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းကတော့ ၂၀၂၁ ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂနှစ်စဉ်ကြေး သုံးကြိမ်သွင်းထားကြောင်းနဲ့ တစ်ကြိမ်ကို နိုင်ငံတော်ဘတ်ဂျက်ထဲမှ သုံးသိန်းနဲ့ ကျန်တဲ့နှစ်ကြိမ်ကို အကြမ်းဖက် NUG အဖွဲ့မှ ခြောက်သိန်းသွင်းခဲ့ကြောင်း လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားထားကြောင်း ကြားသိရပါတယ်။ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုထားတဲ့ သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းဟာ ကုလသမဂ္ဂ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး NUG အဖွဲ့ကိုပါ လိမ်ညာပြီး ကုလသမဂ္ဂနှစ်စဉ်ကြေးများ တောင်းခံခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

သေချာတာကတော့ Bank of America မှာ အပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာငွေ ဒေါ်လာ ၂ ဒသမ ၆ သန်း အသေးစိတ်ငွေစာရင်း မရှင်းလင်းနိုင်တဲ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေတွေကို ကိုယ်ကျိုးအတွက် လိမ်ညာခိုးယူသုံးစွဲထားကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်နေရာမှ ဖယ်ရှားခြင်းမပြုသေးတဲ့ ကျော်မိုးထွန်းဟာ သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးအဖြစ် မြန်မာပြည်တွင်းမှာ ထင်ရှားကျော်စောလျက်ရှိနေကြောင်း သတင်းစကားပါးလိုပါတယ်။

မကြာမီကာလမှာ နှစ်စဉ်ကျင်းပမြဲ ကုလသမဂ္ဂအထွေထွေညီလာခံ(UNGA) ကျင်းပတော့မှာဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ အစိုးရသစ်အနေနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ လုပ်ပိုင်ခွင့်အရ ကုလသမဂ္ဂစင်မြင့်မှာ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖို့ စိတ်အားတက်ကြွလျက်ရှိပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အခန်း(၁)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ(၁)မှာ အတိအလင်းပြဋ္ဌာန်းထားတဲ့ နိုင်ငံတိုင်းသည် အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံ၏ အခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်နဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စများတွင် အခြားနိုင်ငံများ သို့မဟုတ် ကုလသမဂ္ဂကိုယ်တိုင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုတဲ့အချက်ကို မြန်မာနိုင်ငံအနေနဲ့ တန်ဖိုးထားလေးစား လိုက်နာလျက်ရှိပါတယ်။

၂၀၂၁ ခုနှစ်ကစတင်ပြီး ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ကို တရားဝင်ခန့်ခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေအတွက် များစွာနစ်နာဆုံးရှုံးလျက်ရှိပါတယ်။ အဲဒီဆုံးရှုံးနေရခြင်းရဲ့အကြောင်းတရားကလည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲလိမ်မဲခိုးမှုအရှုပ်တော်ပုံကြောင့် ၂၀၂၁ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကို အကြောင်းခံခြင်းလို့ ထင်မြင်မိပါတယ်။

အမှန်စင်စစ် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဟာ တပ်မတော်က အာဏာသိမ်းခဲ့ခြင်းမဟုတ်ဘဲ အဲဒီအချိန်က အာဏာရပါတီရဲ့ အစွန်းရောက်နိုင်ငံရေးသမားတွေက နိုင်ငံတော်အာဏာကို မဲလိမ်မဲခိုးပြီး အတင်းအဓမ္မရယူဖို့ ကြိုးပမ်းခဲ့ခြင်း

**❝ အဲဒီရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးအနှံ့ ပါတီပေါင်း ၅၇ ပါတီ၊ ကိုယ်စားလှယ်ပေါင်း ၄၉၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယခင်ဒီမိုကရေစီအစိုးရလက်ထက်ကတည်းက ဖွဲ့စည်းခဲ့ကြတဲ့ ပါတီ ၄၀ ပါဝင်ခဲ့ပါတယ်။ NLD ပါတီက သူတို့ရဲ့ဆန္ဒနဲ့ မှတ်ပုံမတင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။ NLD ပါတီမပါဝင်လို့ ရွေးကောက်ပွဲဟာ အတုအယောင်ဖြစ်တယ်လို့ ဝါဒဖြန့်ချိမှုတွေဟာ ယုတ္တိကင်းမဲ့သလို ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီတွေနဲ့ မဲပေးခဲ့ကြတဲ့ ပြည်သူ ၁၃ သန်းကျော်ကို မထီမဲ့မြင်ပြုခြင်းသာဖြစ်ပါတယ် ❞**


ကြောင့် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ တပ်မတော်က နိုင်ငံ့တာဝန်ကို ခေတ္တထိန်းသိမ်းထားခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအရ ဖြစ်ပေါ်ခဲ့တဲ့ပြဿနာကို လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်နဲ့ နိုင်ငံတော်အာဏာကို ရယူဖို့ ကြိုးစားခဲ့ကြတဲ့ နိုင်ငံရေးသမားအချို့ရဲ့ လွဲမှားမှုကြောင့် နိုင်ငံအတွင်း အချို့ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေ များစွာဆုံးရှုံးနစ်နာခဲ့ရပါတယ်။ နိုင်ငံ့တာဝန်ကို ခေတ္တရယူထိန်းသိမ်းခဲ့တဲ့ တပ်မတော်အနေနဲ့ သူ့ရဲ့ ပင်မတာဝန်ဖြစ်တဲ့ ဒွိတာဝန်အရေးသုံးပါးကို ထိန်းသိမ်းဖို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ရသလို ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေး လွတ်လပ်ပွင့်လင်းပြီး သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲကြီးကို အပိုင်းသုံးပိုင်းခွဲပြီး အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။

ငြင်းလို့မရတဲ့ မဲလိမ်မဲခိုးမှုကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကနေ ဖြစ်ပေါ်ခဲ့တဲ့ တပ်မတော်အစိုးရဟာ ၂၀၂၅-၂၀၂၆ ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာပြီး လုံးဝမဲလိမ်မဲခိုးလို့မရအောင် စီစဉ်ပြုလုပ်ခဲ့ပြီး နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ ရှေ့မှောက်မှာ မှတ်ကျောက်တင်ခံနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဲဒီရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးအနှံ့ ပါတီပေါင်း ၅၇ ပါတီ၊ ကိုယ်စားလှယ်ပေါင်း ၄၉၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယခင်ဒီမိုကရေစီအစိုးရလက်ထက်ကတည်းက ဖွဲ့စည်းခဲ့ကြတဲ့ ပါတီ ၄၀ ပါဝင်ခဲ့ပါတယ်။ NLD ပါတီက သူတို့ရဲ့ဆန္ဒနဲ့ မှတ်ပုံမတင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။ NLD ပါတီမပါဝင်လို့ ရွေးကောက်ပွဲဟာ အတုအယောင်ဖြစ်တယ်လို့ ဝါဒဖြန့်ချိမှုတွေဟာ ယုတ္တိကင်းမဲ့သလို ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီတွေနဲ့ မဲပေးခဲ့ကြတဲ့ ပြည်သူ ၁၃ သန်းကျော်ကို မထီမဲ့မြင်ပြုခြင်းသာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲနှောင့်ယှက်ဖျက်ဆီးလိုသူတွေရဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုများကြားထဲက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၂ သန်းကျော် အနက် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ပြည်သူ( ၁၃ ဒသမ ၁၂) သန်းက လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် ယခုလက်ရှိ နိုင်ငံ့တာဝန်ယူထားတဲ့ မြန်မာနိုင်ငံအစိုးရသစ်ဟာ ပြည်သူအများ ရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီနည်းလမ်းကျကျ၊ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ခံအစိုးရစစ်စစ် ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရွေးကောက်ခံအစိုးရသစ်ကို ထောက်ခံအားပေးအသိအမှတ်ပြုကြတဲ့ နိုင်ငံပေါင်းများစွာရှိနေသလို ရွေးကောက်ခံအစိုးရသစ်အနေနဲ့လည်း နိုင်ငံတကာဆက်ဆံရေးအပါအဝင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး




မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ။

အတွက် အိမ်နီးချင်းအင်အားကြီး နိုင်ငံကြီးတွေအပါအဝင် မိတ်ဆွေနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်အဟုန်နဲ့ လုပ်ဆောင်လျက်ရှိနေပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်နေရာကို တရားဝင်ခန့်အပ်မထားသေးပေမယ့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေကို မြန်မာအစိုးရက လက်ခံထားပြီး ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို တာဝန်သိမှုနဲ့ လိုက်ပါဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း ဇွန်လ ၂၆ ရက်နေ့က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီတွေက ကိုယ်စားလှယ်တွေကို နေပြည်တော်မှာတွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှုတွေ၊ နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်တွေနဲ့ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိတဲ့ ကြားနေမူဝါဒနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ကိုယ်စားလှယ် မစ္စဂျူလီဘစ်ရှော့လို ကုလသမဂ္ဂ အရေးခြုံပြီး လက်ရှိအစိုးရကို ဆန့်ကျင်နေသူတွေရဲ့ ဝါဒဖြန့်မှုတွေကို ထပ်ဆင့်ဖြန့်ဝေမှုမျိုး မလုပ်ကြပါဖို့နဲ့ မြန်မာနိုင်ငံအတွက် ကြွံကြွံခံနိုင်ရည်ရှိတဲ့ စီးပွားရေးနဲ့ ပြည်သူတွေအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအကူအညီတွေ ပေးအပ်ဖို့ ပြောကြားခဲ့ကြောင်း ကြားသိရပါတယ်။

**အဆွေတော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီးခင်ဗျား**

လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံဟာ တာဝန်ခံမှု၊ တာဝန်သိမှုနဲ့အတူ ကုလသမဂ္ဂနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လုပ်ဆောင်သွားဖို့ စိတ်ဆန္ဒအပြည့်ရှိနေတယ်လို့ သိရှိရပါတယ်။ မြန်မာပြည်သူတွေကိုယ်စား ဒီအချက်ကို အပြည့်အဝ ထောက်ခံပါကြောင်းလည်း ထပ်လောင်းပြောကြားလိုပါတယ်။

ကုလသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာအားကောင်းစေရေးအတွက် မဆုတ်မနစ် ကြိုးပမ်းမှုတွေကို အသိအမှတ်ပြုချိန်တန်နေပြီဖြစ်ကြောင်း တိုက်တွန်းအသိပေးလိုပါတယ်။ **မြန်မာအစိုးရအသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်မှာ မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာ ဖြစ်ပါတယ်။**

**သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦး**

**ကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထားခြင်းမပြုပေမယ့် ကုလသမဂ္ဂမှဖယ်ရှားခြင်း မပြုသေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေနဲ့ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။** တစ်ဆက်တည်းမှာပဲ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့ နိုင်ငံတကာရေးရာတွေမှာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိပြည်သူတွေရဲ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ မြန်မာအစိုးရသစ်က ခန့်အပ်လိုတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးကိုလည်း အမြန်ဆုံး ပြန်လည်ခန့်အပ်ပေးနိုင်ဖို့ တောင်းဆိုအပ်ပါတယ်။

ကုလသမဂ္ဂရဲ့ ပဋိညာဉ်နဲ့အညီ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းအတွက် အဲဒီနိုင်ငံရဲ့ အခွင့်အရေးကိုလေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူညီမျှ အခွင့်အရေးရရှိအောင် လုပ်ဆောင်ပေးနိုင်ပါက ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာ ပိုမိုတိုးတက်လာမယ်လို့ ယုံကြည်ပါကြောင်း အိတ်ဖွင့်ပေးစာနဲ့ ရေးသားပေးပို့အပ်ပါတယ်။ ။

**■ လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံဟာ တာဝန်ခံမှု၊ တာဝန်သိမှုနဲ့အတူ ကုလသမဂ္ဂနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လုပ်ဆောင်သွားဖို့ စိတ်ဆန္ဒအပြည့်ရှိနေတယ်လို့ သိရှိရပါတယ်**

**■ ကုလသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာအားကောင်းစေရေးအတွက် မဆုတ်မနစ် ကြိုးပမ်းမှုတွေကို အသိအမှတ်ပြုချိန်တန်နေပြီဖြစ်ကြောင်း တိုက်တွန်းအသိပေးလိုပါတယ်**

# ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့ မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော်  ဇူလိုင်  ၈**

အလုပ်သမားဝန်ကြီးဌာန၏ ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ပုဂ္ဂလိကဘဏ်များ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)နှင့် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MOEAA) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ထောင့်တစ်နေရာ ထောက်ပံ့ပေးနိုင်သော မိသားစုလွှဲပို့ငွေရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီ ၁၀ ခုကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုမရှိစေရေးနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် ပြည်တွင်း/ပြည်ပလုပ်သား ဈေးကွက်မြှင့်တင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပို့ငွေမှတစ်ဆင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စသည်တို့ကို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများက ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော်  ဇူလိုင်  ၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဟားခါးမြို့ ပြည်ထောင်စုရိပ်သာရှိ အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် ကျရာကဏ္ဍများတွင် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ အဓိကလုပ်ငန်းတာဝန်မှာ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးဆိုရာတွင် ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ အဆောက်အအုံများ ပြန်လည် ပြုပြင်/ တည်ဆောက်ခြင်းလုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမ စနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီနှင့်အတူ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းများ ပြန်လည်ဝင်ရောက်၍ လုပ်ငန်းတာဝန်များ ပြန်လည် ထမ်းဆောင်နိုင်ရန် လိုအပ်သည့်ရုံးအဆောက်အအုံများ ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ဆောင်ရွက်သွားရမည့်လုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နိုင်ရေး၊ ဌာနအလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် စဉ်ဆက်မပြတ်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ်၌ သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော်  ဇူလိုင်  ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏသိဒ္ဓိရပ်ကွက်ရှိ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးရာဇာမင်းမြတ်က သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်ဘေး၊ ရေဘေးနှင့် မီးဘေးအန္တရာယ်များ ကြုံတွေ့လာပါက အသက်အန္တရာယ် အနည်းဆုံးဖြင့် ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းဟောပြောခဲ့ပြီး လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ပြန်/ဆက်)**



# လသာမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**ရန်ကုန်  ဇူလိုင်  ၈**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းက အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခွန်ပညာပေးရှင်းလင်းပွဲတွင် လသာမြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွယ်အောင်မေက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**



# မိုင်းပျဉ်းမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မိုင်းပျဉ်း  ဇူလိုင်  ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက်က ဝမ်ကောင်းအောက်ရွာ လမ်းတစ်လျှောက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးထွန်းလွင်က ပျိုးပင်များပေးအပ်ရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ပျိုးပင်များ လက်ခံရယူကြပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးညွန့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ CPU အဖွဲ့ဝင်များ၊ ဌာနဆိုင်များ တက်ရောက်ကြသည်။



**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌ(အပေါ်ပုံ)က ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်အချက်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်း အလုပ်အမှုဆောင် ရွေးချယ်

**ပြင်ဦးလွင် ဇူလိုင် ၈**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)က ကြီးမှူး၍ ပြင်ဦးလွင်ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ၂၀၂၆-၂၀၂၉ ခုနှစ်အတွက် အလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးငွေးမြင့်၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မန္တလေးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌ ဒေါက်တာစန်းလှိုင်တို့က မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍၂၀၂၆-၂၀၂၉ ခုနှစ်အတွက် အလုပ်အမှုဆောင်ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှု အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ တက်ရောက်

**မော်လမြိုင် ဇူလိုင် ၈**

မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှု အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှု တိုးတက်ရေးအတွက်လူထုလှုပ်ရှားမှုအစီအစဉ် လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့်အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။



အသိပညာပေး ရှင်းလင်းပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပေါင်းတည် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ(မှတ်တိုင်လမ်း)တွင် ယမန်နေ့က လူငယ်စကားဝိုင်း ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးဆုစံက အမှာစကားပြောကြားပြီး လူငယ်နှင့်ပညာသင်ကြားခြင်း၊ လူငယ်နှင့်လူမှုကွန်ရက်၊ လူငယ်နှင့် အောင်မြင်မှုနည်းလမ်းများ၊ လူငယ် နှင့် ခေတ်မီမူးယစ်ဆေးအန္တရာယ် အကြောင်းတို့ကို ကျောင်းသား ကျောင်းသူ လေးဦးက ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာအုပ်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရွှေသား(IPRD)**



# သာကေတမြို့နယ်၌ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ဒေါပုံ/သာကေတမြို့နယ်ရုံးမှ သင်ထောက်ကူ မော်တော်ယာဉ် (Mobile Training Bus) ဖြင့် ယမန်နေ့နံနက်ပိုင်းက စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမား ဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်သည်။



အသိပညာပေး ဆွေးနွေးရာတွင် သာကေတမြို့နယ်ရှိ City Food Concepts Limited (Seasons Bakery) မုန့်စက်ရုံ၊ သာကေတစက်မှုဇုန်နှင့် နီလာဒံပေါက်စက်ရုံတို့၌ သင်ထောက်ကူ မော်တော်ယာဉ် (Mobile Training Bus) ဖြင့် အလုပ်သမားဥပဒေပါရပိုင်ခွင့်များအား ရှင်းလင်းပြောကြားပြီး သဃ်န်းကျွန်းခရိုင်ရုံးမှ ဦးစီးအရာရှိဒေါ်ခိုင်ဆုဆုကျော် (အလုပ်ရုံစစ်ဆေးရေး)က လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်တို့ကို ရှင်းလင်းအသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၈**

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မှုခင်းပြခန်းယာဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အထက၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဘချစ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူး ကျော်ခိုင်နှင့် ရဲအုပ်မင်းထွေးတို့က အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**



# သာစည်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး



**သာစည် ဇူလိုင် ၈**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော သာစည် - ညောင်ရမ်းလမ်းမှ အင်းဝင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဇူလိုင် ၅ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သာစည် - ညောင်ရမ်းလမ်းမှ အင်းဝင်းလမ်းသည် သာစည်မြို့သို့ အဓိက ဆက်သွယ်ထားသော သာစည် - ညောင်ရမ်းလမ်းနှင့် ချိတ်ဆက်ထားသောလမ်းဖြစ်ပြီး ဆောင်ရွက်ပြီးပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**စနစ်တကျလွှဲပြောင်းပေးအပ်**

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Dong Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီးဖြစ်ကာ ၎င်းတို့အနက်မှ ၁၃၈၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**


# ဓာတ်အားလိုင်းကြိုး အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို ယာယီဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို တိုင်အမှတ် ၁၁၄ နှင့် ၁၁၅ ကြားနှင့် တိုင်အမှတ် ၁၁၈ နှင့် ၁၁၉ ကြားတို့တွင် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး-သစ်ရာကောက် ဓာတ်အားလိုင်းကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ် မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့တို့အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**




# ထိုင်းနိုင်ငံ၌ မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ အာမခံကြေး ဘတ် ၁၁ သိန်း ထုတ်ယူနိုင်ရေး အလုပ်သမားသံအရာရှိရုံးကူညီ

**ရန်ကုန် ဇူလိုင် ၈**

ထိုင်းနိုင်ငံ လယောင်၌ ယာဉ်မတော်တဆဖြစ်၍ အသက်ဆုံးရှုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ အာမခံကြေးငွေ ဘတ် ၁၁ သိန်း ထုတ်ယူနိုင်ရေး ကူညီပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ လယောင်၌ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ယာဉ်မတော်တဆဖြစ်ရာမှ အသက်ဆုံးရှုံးခဲ့ရကြောင်း၊ ယင်းသေဆုံးခဲ့သည့် အလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ ရသင့်ရထိုက်သည့် အာမခံကြေးငွေ ဘတ် ၁၁ သိန်းကို ထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၇ ရက်က အလုပ်သမားသံအရာရှိရုံး၌ မိခင်ဖြစ်သူထံသို့ ပေးအပ်ခဲ့သည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းကာ ကူညီပေးလျက်ရှိကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အလုပ်သမားသံအရာရှိရုံး (Call Center) ၀၂၀၀၃၀၀၁၅၊ အလုပ်သမားသံမှူး (ဗန်ကောက်) ၀၆၁၈၁၀၈၄၅၄၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်) ၀၆၂၆၈၉၀၁၁၉၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) ၀၆၅၂၂၀၆၉၅၂၊ အလုပ်သမားသံအရာရှိ (မဲဆောက်) ၀၆၅၂၂၀၆၉၅၃၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) ၀၉၄၅၈၆၆၆၀၇၊ အလုပ်သမားသံအရာရှိ (ရနောင်း) ၀၆၃၄၈၁၈၁၂၂ တို့သို့ အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်း သိရသည်။

**MT**

# မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို တရားမဝင်ရောင်းချခြင်းကျူးလွန်ခဲ့သည့် ခရီးသည်တင်ယာဉ်နှစ်စီးအား ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူ

**နေပြည်တော် ဇူလိုင် ၈**

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)ကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ အကျိုးခံစားခွင့်ရရှိစေရေး YBS ယာဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာပြေးဆွဲရန်နှင့် ယာဉ်စီးခကိုလည်း သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံသွားရမည်ဖြစ်ကြောင်း ညွှန်ကြားထားပြီးဖြစ်သည်။

ထိုကဲ့သို့ ညွှန်ကြားထားသော်လည်း YBS(၆၅) ယာဉ်လိုင်းတံဆိပ်တပ်ဆင်ထားသော ယာဉ်အမှတ် (2I-2957) မော်တော်ယာဉ်သည် YBS ယာဉ်လိုင်းတွင် အမှန်တကယ်ပြေးဆွဲခြင်းမရှိဘဲ တောင်ဒဂုံမြို့နယ် ရွာသာကြီး အကြီးစားစက်မှုဇုန်အတွင်း စက်ရုံဖယ်ရီပြေးဆွဲလျက်ရှိခြင်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား ယာဉ်အမှတ် (6F-3682)သို့ တရားမဝင်ရောင်းချခြင်းများ ပြုလုပ်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက တိုင်ကြားလာသည့်အတွက် တာဝန်ရှိသူများအနေဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အမှန်တကယ် ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်အမှတ်(2I-2957)နှင့် (6F-3682) ခရီးသည်တင်ယာဉ်နှစ်စီးအား ဇွန် ၃၀ ရက်မှစ၍ ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**






မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား တရားမဝင်ရောင်းချခြင်းကျူးလွန်ခဲ့ခြင်းကြောင့် ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူခဲ့သည့် ခရီးသည်တင်ယာဉ်နှစ်စီးကို တွေ့ရစဉ်။

# မင်းဘူး(စကု)မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်

**မင်းဘူး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံအလုံး ၇၀ ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၈**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ အလုံး ၂၀ အနက် ခြောက်ထပ်အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်းအလုံး ၇၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ခုနစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးပြီးစီးစဉ်။

## ပေါင်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပေါင် ဇူလိုင် ၈**

မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(ဆင်ဖြူရပ်)၌ ပြုလုပ်သည်။



**ဆွေးနွေး**

ဦးစွာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာကြီး၏အခြေအနေနှင့် မြန်မာနိုင်ငံတွင် ထွက်ရှိသည့်သစ်အမျိုးအစား၊ သစ်ပင်များ ဆက်လက်စိုက်ပျိုးထားမှုအခြေအနေ၊ သစ်ပင်/သစ်တောမှရရှိသော အကျိုးကျေးဇူးများအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ အကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## ပဲခူးမြို့နယ်၌ Pilot Project မွေးမြူရေးချေးငွေထုတ်ချေး

**ပဲခူး ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျုံပကန်-ကန်ကုန်း မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က ဝက်မွေးမြူရေးဆောင်ရွက်သော သမဝါယမအသင်းသားများအား ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးပိုင်စိုးအောင်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခိုင်စံပယ်မြင့်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အသင်းသား ၂၂ ဦး၊ ဝက်ကောင်ရေ ၆၁ ကောင်အတွက် ပံ့ပိုးငွေကျပ် ၃၀ ဒသမ ၅၀ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နောင်ချို ဇူလိုင် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ ပြုလုပ်ရာတွင် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ရဲအုပ်ဟန်ထွန်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်းအရာများ၊ ယာဉ်မောင်းသူများ လိုက်နာရမည့် ဆောင်ရန်/ ရှောင်ရန်အချက်များ စသည်တို့ကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ သွင်းအားစုများပေးအပ်

**ရန်ကုန် ဇူလိုင် ၈**

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ တောင်သူများအား သွင်းအားစုများပေးအပ်ပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့်AGRO EXPORTS COMPANY LIMITED မှအထွေထွေမန်နေဂျာ ဦးသန်းလင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောဝင်းကိုက သွင်းအားစုများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်( RICE EXPORT ZONE)စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မိုးစပါး ၅၃၃ ဧက စိုက်ပျိုးသွားမည့် ချောင်းညီအကို ကျေးရွာနှင့် နဲဖျောကျေးရွာတို့မှ တောင်သူ ၅၇ ဦးအား တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသည့် သွင်းအားစုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

# အိုဘယ့် မိခင် ဧရာဝတီ (၇)

**ဧရာဝတီမြစ်နှင့် ယင်း၏ မြစ်လက်တက်များသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်စွမ်းရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားအပေါ်သက်ရောက်မှုများကို အလေးထားစဉ်းစားရပါမည်။**

စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် သဘာဝအရင်းအမြစ်များကို အလွန်အကြူးအသုံးမချရန် အလွန်အရေးကြီးပါသည်။ လက်ရှိအချိန်တွင် ဧရာဝတီမြစ်သည် သဲတူးဖော်မှုများ၊ ရေလမ်းကြောင်းညစ်ညမ်းမှုများ၊ တရားမဝင် သတ္တုတူးဖော်မှုများ၊ သစ်တောပြုန်းတီးမှုများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရပါသည်။

ထိုအခြေအနေများကို မထိန်းသိမ်းနိုင်ပါက အနာဂတ်တွင် စိုက်ပျိုးရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝများအပေါ် ဆိုးရွားသောသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အတိတ်၊ မျက်မှောက်ခေတ်နှင့် အနာဂတ်ကို ချိတ်ဆက်ပေးနေသော သဘာဝအမွေအနှစ်တစ်ရပ်ဖြစ်သည့် ဧရာဝတီမြစ်ကိုအခြေခံသည့် Integrated River Basin Management (IRBM) ကို အကောင်အထည်ဖော်ရန် လိုအပ်နေပြီး နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းရှိမှသာ ရေရှည်တည်တံ့သော အကျိုးကျေးဇူးများ ရရှိနိုင်ပါမည်။

ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ဧရာဝတီမြစ်ကို ဗဟိုပြုစဉ်းစားခြင်းသည် နိုင်ငံ၏ ရေရှည်စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ဧရာဝတီမြစ်ကို ထိန်းသိမ်းကာကွယ်ရင်း ဖွံ့ဖြိုးရေးနှင့် တိုးတက်မှုကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏အနာဂတ်သည် တည်တံ့ခိုင်မာလာမည်ဖြစ်ပါသည်။

## eco-friendly အလေ့အကျင့်ကိုသုံးရမည်

**ဧရာဝတီမြစ်ကြီးကို မြန်မာနိုင်ငံသားတိုင်း အမှန်တကယ်ချစ်မြတ်နိုးကြပါသည်။ ထို့အတွက် စကားဖြင့်ပြောခြင်း၊ ခံစားချက်ပြခြင်းထက် လုပ်ဆောင်ချက်တွေကို တာဝန်ကျေပွန်စွာ လုပ်ဆောင်ရပါမည်။ လူတစ်ဦးချင်းမှနေ၍ နိုင်ငံတော်အဆင့်အထိ စနစ်တကျ လုပ်နိုင်ရမည့် အချက်များ များစွာရှိပါသည်။ အခြေခံအဆင့်အဖြစ် နိုင်ငံသားတစ်ဦးချင်းက မြစ်ကို မညစ်ညမ်းစေရန် အမှိုက်၊ ပလတ်စတစ်၊ စက်သုံးဆီအညစ်ရေများကို မြစ်အတွင်းသို့ မစွန့်ပစ်ရန်နှင့် ဘုရားပွဲများ၊ ပွဲတော်များတွင် eco-friendly အလေ့အကျင့်ကို သုံးရမည်ဖြစ်သည်။**

နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရန်ပြင်ဆင်နေမှုများ၊ လုပ်ဆောင်နေမှုများ၊ အကောင်အထည်ဖော်နေမှုများနှင့် စီမံကိန်းကြီးများကို ခံစားချက်များဖြင့် ကြိုက်၍၊ မကြိုက်၍ ဆုံးဖြတ်ခြင်းမဟုတ်ပါဘဲ သိပ္ပံနည်းကျစွာ အချက်အလက်များအပေါ်အခြေခံပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် တစ်ဖက်စောင်းနင်းဖြစ်၍ မရဘဲ နှစ်ဖက်မျှခြေကြည့် တည်ဆောက်ရပါမည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးလည်း လုပ်ဆောင်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရပါမည်။

ထို့အတွက် လိုအပ်သော EIA၊ SIA၊ Hydrology၊ Sediment၊ Seismic risk management အစီရင်ခံစာများအပေါ်မူတည်ပြီး စဉ်းစားရပါမည်။ ဧရာဝတီမြစ်ကို အမှန်တကယ်ချစ်သည်ဆိုလျှင် အမုန်းနဲ့ မကာကွယ်ဘဲ သိပ္ပံနည်းကျစွာဖြင့် ကာကွယ်ကြရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးနှင့်ထိန်းသိမ်းရေးကို မခွဲခြားဘဲ ပေါင်းစပ်ရပါမည်။

## သိပ္ပံနည်းကျထိန်းသိမ်းမည်ဆိုလျှင်

**ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျထိန်းသိမ်းမည်ဆိုရလျှင် ခံစားချက်၊ နိုင်ငံရေး စကားလုံးများဖြင့် မဟုတ်ဘဲ ဒေတာအချက်အလက်၊ စနစ်၊ စံနှုန်းအပေါ်အခြေခံပြီး လုပ်ဆောင်သင့်သည့်အချက်များကို အဆင့်လိုက် စနစ်တကျလုပ်ဆောင်ရပါမည်။ River Basin–Scale Management ကို မြစ်ဝှမ်းတစ်ခုလုံးစာအမြင်ဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး Ayeyarwady River Basin Authority အဖွဲ့ကို တည်ထောင်သင့်ပါသည်။ ရေလှောင်တမံကြီးများနှင့် အနိမ့်တမံများတည်ဆောက်၍ နှစ်စဉ်ရေစီးနှုန်း၊ ရာသီအလိုက် ရေစီးနှုန်းများကို ထိန်းသိမ်းပို့လွှတ်သင့်သလို မြစ်ကြောင်းသက်စောင့်ရေ Environmental Flow (E–flow) သတ်မှတ်ပြီး မဖြတ်တောက်ခြင်းဖြင့် ထိန်းသိမ်းရမည်ဖြစ်ပါသည်။**

သဲနုန်းသယ်ဆောင်မှု၊ နုန်းတင်ပို့မှုများကို စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး မြစ်ဝကျွန်းနှင့် မြေနုကျွန်းများကို ထိန်းသိမ်းရန် နုန်းအနည်ကျမှု ပြတ်တောက်ခြင်း မဖြစ်စေရန် စီမံခြင်းများ လုပ်ဆောင်ရမည်ဖြစ်ပြီး သဲနုန်းအလွန်အကျွံတူးဖော်မှုကို ထိန်းချုပ်ရမည်ဖြစ်သည်။ ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျ ထိန်းသိမ်းခြင်းဆိုသည်မှာ ရေစီးနှုန်း၊ သဲနုန်း၊ ပတ်ဝန်းကျင်စနစ်နှင့် လူမှုအကျိုးသက်ရောက်မှုများကို အချက်အလက်များအပေါ်အခြေခံ၍ ရေရှည်အမြင်ဖြင့် စနစ်တကျ စီမံခန့်ခွဲခြင်းဖြစ်သည်။ ဧရာဝတီကိုချစ်သည်ဆိုသည်မှာ သဘာဝကိုမထိခိုက်စေဘဲ လူမှုစီးပွားဖွံ့ဖြိုးရေးကို လုပ်ဆောင်နိုင်စေရန် သိပ္ပံနည်းကျ တည်ဆောက်အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

ဧရာဝတီမြစ် လက်ရှိရင်ဆိုင်နေရသော ပြဿနာများမှာ မိုးရာသီရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာခြင်း၊ ပွင့်လင်းရာသီတွင် ရေစီးနှုန်းကျဆင်းလာခြင်း၊ ကမ်းပါးပြိုခြင်း၊ မြစ်ကြောင်းပြောင်းလဲလာခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် နုန်းအနည်ကျမှု မလုံလောက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် မြစ်ကြောင်းအတွင်း ရေစီးဆင်းမှုပမာဏပြောင်းလဲမှုမြင့်လာခြင်း စသောအချက်များကို **"မြစ်ကိုလုံးဝမထိရ"** ဆိုသော နည်းလမ်းတစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ပါ။ အသေအချာစဉ်းစားကြည့်ပါက မြစ်ဆုံတမံကြောင့် ရေကြီးရေလျှံမှုနှင့် ရေစီးနှုန်းကို ထိန်းကြောင်းနိုင်မည်။

တမံ၏အထက်ဘက် ရေဝပ်ဧရိယာတွင် ရေစီးဝင်မှုကို အပြည့်အဝထိန်းချုပ်နိုင်ခြင်း၊ ရေကြီးရေလျှံမှုအဆိုးရွားဆုံးအချိန်ကို ကောင်းစွာထိန်းချုပ်နိုင်ပြီး မြစ်အောက်ဘက်ဒေသနှင့် မြစ်ကြောင်းဖြောင့်နိုင်မည်။ မြစ်ရေစီးနှုန်းကို ၁၂ လရာသီပတ်လုံး ထိန်းသိမ်းနိုင်မည်။ မြစ်ကြောင်းကျဉ်းမြောင်းသောနေရာဖြစ်စေကာမူ သင်္ဘောကြီးများ သွားလာနိုင်ရေးလွယ်ကူမည်။ အနိမ့်တမံများ တည်ဆောက်ပြီး ရေမျက်နှာပြင် ထိန်းညှိနိုင်မည်။ အနိမ့်တမံများကိုအခြေပြုပြီး ဧရာဝတီမြစ်၏အနောက်ဘက်ခြမ်းဒေသ နေရာအချို့တွင် Pump Storage Type Power Plant များတည်ဆောက်လာနိုင်မည်။

**တယော (ရေသယံဇာတ)**

မြစ်ဝကျွန်းပေါ်ဒေသများကို ရေကြီးရေလျှံမှုအန္တရာယ်လျှော့ချနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။ တမံတစ်ခုရွေးချယ်တည်ဆောက်မှု မမှန်ကန်လျှင် အန္တရာယ်ဖြစ်စေနိုင်သော်လည်း ကောင်းမွန်မှန်ကန်သော operation rule curve ရှိလျှင် ရေကြီးရေလျှံမှု ထိန်းချုပ်နိုင်သည့် flood risk management tool ဖြစ်နိုင်ပါသည်။ ပွင့်လင်းရာသီများတွင် မြစ်ကြောင်းအတွင်း ရေစီးဆင်းမှုနည်းပါးလာ၍ မြစ်အောက်ပိုင်းဒေသ ရေခန်းခြောက်ခြင်းကြောင့် ငါးလုပ်ငန်းနှင့် သောက်သုံးရေအတွက် အခက်အခဲများဖြစ်နေပါသည်။ တမံကြီးများသာရှိနေလျှင် မြစ်သက်စောင့်ရေ Environmental Flow (E–flow) ကို အနည်းဆုံးအာမခံပေးနိုင်ပါသည်။ ဤသည်မှာ "မြစ်ကိုအသက်ရှင်အောင်ထားခြင်း"ဖြစ်ပါသည်။

## သိပ္ပံနည်းကျ မထိန်းသိမ်းဘဲထားလျှင်

**ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျ မထိန်းသိမ်းဘဲထားလျှင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေကြီးရေလျှံမှုပိုမိုဆိုးရွားပြီး ရေလွှမ်းရေမြုပ်ဧရိယာ ပိုမိုကျယ်ပြန့်လာပါမည်။ ရေခန်းခြောက်သည့်ကာလ ပိုမိုကြာရှည်လာမည်။ တရားမဝင် သဲတူးဖော်မှု၊ ဓာတ်သတ္တုတူးဖော်မှု၊ ရွှေကျင်မှုများကြောင့် မြစ်ကြောင်းပြောင်းလဲမှု မြန်ဆန်လာမည်ဖြစ်ပြီး ကမ်းပါးတိုက်စားမှု၊ ကမ်းပါးပြိုကျမှု ပိုမိုဆိုးရွားလာမည်ဖြစ်သည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် BOT စီမံကိန်းတစ်ခုဖြစ်ပြီး နှစ်စဉ်ထွက်ရှိသော လျှပ်စစ်ဓာတ်အားများ နိုင်ငံတော်က ရရှိမည်ဖြစ်ပါသည်။**

ထို့ကြောင့် ဧရာဝတီမြစ်ပေါ်တွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ နိုင်ငံတော် ဝင်ငွေရရှိစေသဖြင့် ရရှိသောအကျိုးအမြတ်များကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားသောစီးပွားရေးရင်းနှီးမြှုပ်နှံမှုများအပေါ် ခွဲဝေအသုံးပြုသကဲ့သို့ ၁၃၇၅ မိုင်ရှည်လျားသော ဧရာဝတီမြစ်ကြီး၏ ဝဲယာမြစ်ကမ်းပါးများထိန်းသိမ်းခြင်း၊ မြစ်ကြောင်းဖြောင့်ခြင်း၊ ရေကြောင်းသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် မြစ်ကြောင်းထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့ပြင် မြစ်ဆုံဒေသတစ်ဝိုက်ကို မြစ်ဆုံစီမံကိန်းပြခန်းများ၊ အပန်းဖြေစခန်းများ၊ ခရီးသွားလာရေးနေရာများ၊ စက်မှုဇုန်များနှင့် ကုန်သွယ်ရေးဇုန်များပါ ဖော်ဆောင်၍ သဘာဝနှင့်လူသားများ၏ သဟဇာတဖြစ်မှုကို လှစ်ဟပြသရင်း စီးပွားရေးဖွံ့ဖြိုးမှုကို ပုံဖော်သင့်ပါသည်။

**မြန်မာနိုင်ငံတွင် လျှပ်စစ်မလုံလောက်မှုများ၊ ဓာတ်အားလိုင်းပြတ်တောက်မှုများ ရှိနေဆဲဖြစ်ပါသည်။** သတင်းမီဒီယာသမားများဖြစ်စေ၊ အများပြည်သူဖြစ်စေ၊ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း စသည်ဖြင့်ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများဖြစ်စေ ခေတ်သစ်လူနေမှုစနစ်တွင် ကျင်လည်ရှင်သန် နေထိုင်နေကြသူများဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် များပြားနေသော်လည်း လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ အသုံးပြုချင်ကြပါသည်။ ဤအချက်ကို ဖြည့်ဆည်းနိုင်သည်မှာလည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသာရှိပါသည်။

စာမျက်နှာ ၁၇ သို့ ■

> **ဧရာဝတီမြစ်ကြီးကို သိပ္ပံနည်းကျထိန်းသိမ်းမည်ဆိုလျှင် ခံစားချက်၊ နိုင်ငံရေးစကားလုံးများဖြင့်မဟုတ်ဘဲ ဒေတာအချက်အလက်၊ စနစ်၊ စံနှုန်းအပေါ်အခြေခံပြီး လုပ်ဆောင်သင့်သည့်အချက်များကို အဆင့်လိုက် စနစ်တကျ လုပ်ဆောင်ရပါမည်။ River Basin–Scale Management ကို မြစ်ဝှမ်းတစ်ခုလုံးစာအမြင်ဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး Ayeyarwady River Basin Authority အဖွဲ့ကို တည်ထောင်သင့်ပါသည်။ ရေလှောင်တမံကြီးများနှင့် အနိမ့်တမံများတည်ဆောက်၍ နှစ်စဉ်ရေစီးနှုန်း၊ ရာသီအလိုက် ရေစီးနှုန်းများကို ထိန်းသိမ်းပို့လွှတ်သင့်သလို မြစ်ကြောင်းသက်စောင့်ရေ Environmental Flow (E-flow) သတ်မှတ်ပြီး မဖြတ်တောက်ခြင်းဖြင့် ထိန်းသိမ်းရမည်**

> **မြန်မာနိုင်ငံတွင် လျှပ်စစ်မလုံလောက်မှုများ၊ ဓာတ်အားလိုင်းပြတ်တောက်မှုများ ရှိနေဆဲဖြစ်ပါသည်။ သတင်းမီဒီယာသမားများဖြစ်စေ၊ အများပြည်သူဖြစ်စေ၊ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း စသည်ဖြင့်ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများဖြစ်စေ ခေတ်သစ်လူနေမှုစနစ်တွင် ကျင်လည်ရှင်သန် နေထိုင်နေကြသူများဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် များပြားနေသော်လည်း လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ အသုံးပြုချင်ကြပါသည်။ ဤအချက်ကို ဖြည့်ဆည်းနိုင်သည်မှာလည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသာရှိပါသည်**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်)ဖွင့်ပွဲ တက်ရောက်



မုံရွာ ဇူလိုင် ၈

စစ်ကိုင်းတိုင်း ဒေသကြီး စက်ချုပ် နည်းပညာသင်တန်း (အဆင့်မြင့်)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးရှိ သင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စက်ချုပ်နည်းပညာ သင်တန်း (အဆင့်မြင့်) သင်တန်းသူများ အတွက် သင်ထောက်ကူပစ္စည်း များကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘုတ်ပင်ဆိပ်-ငှက်ပျောချောင်းတံတား ပျက်စီးမှု ကွင်းဆင်းစစ်ဆေး

ငရုတ်ကောင်း ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုတ်ပင်ဆိပ်-ငှက်ပျောချောင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုတ်ပင်ဆိပ်-ငှက်ပျောချောင်းတံတား ပျက်စီးမှုအခြေအနေအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တိုင်းဒေသကြီး၊ ခရိုင်တို့မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် တံတားပျက်စီးမှုအခြေအနေ၊ ပြန်လည်ပြုပြင်ရန် လိုအပ်သည့်အခြေအနေနှင့် တံတားခြေဆင်း ကြံ့ခိုင်မှုများကို လိုက်လံစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**



## လူငယ်နှင့် အနာဂတ်နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြော



ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် အနာဂတ်နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ ဝိဇ္ဇာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီးက အသိပညာပေး ဟောပြောမည့် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးအောင်နိုင်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် "လူငယ်နှင့် အနာဂတ်နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ကညင်ချောင်းကျေးရွာအုပ်စု မြစိမ်းရောင်ကျေးရွာ မြစိမ်းတောင် သာသနာ့နယ်မြေတွင် ဇူလိုင် ၆ ရက်က ကျင်းပစဉ်။

အောင်ဖြိုး(ပြန်/ဆက်)



## ကျိုက်မရောမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ကျိုက်မရော ဇူလိုင် ၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ကွကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲ၊ ယာ၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူကျေးရွာသားများက ကော့ကွကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲ၊ ယာ၌ ပျိုးပင် ၁၃၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သုတ

■ စာမျက်နှာ ၁၆ မှ

ထို့ကြောင့် ဧရာဝတီမြစ်ဆုံဒေသ မေခမြစ်နှင့် မလိခမြစ်တို့ စတင်ပေါင်းဆုံရာနေရာတွင် တမံအမြင့် ၄၅၈ ပေ၊ အလျား ပေ ၄၃၀၀၊ တမံထုထည်ကျင်းပေါင်း ၆ ဒသမ ၅၄ သန်းရှိသည့် ကွန်ကရစ်မျက်နှာပြင်ကျောက်ဖြည့်တမံအမျိုးအစား တမံတစ်ခုတည်ဆောက်ပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၆၀၀ ထွက်ရှိမည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို (BOT)စနစ်ဖြင့် တည်ဆောက်ပြီး နိုင်ငံတော်က စရိတ်စိုက်ထုတ်စရာမလိုအပ်ဘဲ အကျိုးအမြတ်များစွာရရှိမည့် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းနေခြင်းဖြစ်ပါသည်။

ထိုစီမံကိန်းသည် နိုင်ငံတော်လျှပ်စစ်ကဏ္ဍ၏ အခြေခံဝန်အားလိုအပ်ချက်ကို ရေရှည်ဖြည့်ပေးနိုင်သော အကြီးစားစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းတည်ရှိရာဒေသ၏ လူမှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားရရှိမှု တိုးတက်လာခြင်းကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ဝင်ငွေလည်း တိုးတက်လာနိုင်ပါသည်။

ဧရာဝတီမြစ်ကြီးပေါ်တွင် ယခုကဲ့သို့စီမံကိန်းများနှင့် အနိမ့်တမံများ တည်ဆောက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ပါက ရေကြောင်းကုန်စည်ကူးသန်းရေး၊ ရေကြောင်း ခရီးသွားလာရေးနှင့် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ကာကွယ်မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးခိုင်မာတောင့်တင်းလာစေရေးစသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ရေအားလျှပ်စစ်စီမံကိန်းများသည် နိုင်ငံတော်အတွက် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးရေးစီမံကိန်းများအဖြစ် နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြမည်ဖြစ်သလို မိခင်ဧရာဝတီမြစ်ကြီးသည်လည်း အစဉ်ထာဝရ ရှင်သန်စီးဆင်းနေမည်ဖြစ်ပါကြောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစ်ရော မတိမ်ကောရေးတို့အတွက် စာဖတ်ရှုသူပြည်သူများ ဗဟုသုတအမှန်ရရှိစေရန် ရည်ရွယ်မျှော်ကိုး ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကားချက်**


၁။ တမံများ၏အနာဂတ် ဆရာဝင်းကျော်

၂။ နှလုံးသားထဲကမြကန်နှင့် ပုဂံလွမ်းချင်း ဆရာမြင့်စိုး(နတလ)

၃။ The Ayeyarwady River (Myanmar): Washload Edgardo M Latrubesse transport and its global role among river in the Anthropocene

၄။ "Milestones: Kurobe River No. 4 Hydro–power Plant, 1956– 63"IEEE Archived from the original on 6th March 2012. Retrieved 4th October 2010.

၅။ Nature Communications – Role of dams in reducing global flood exposure under climate change (Dec. 12nd 2025)

၆။ Myanmar National Building Code (MNBC–2020)

၇။ International Commission on Large Dams ICOLD (2016) Selecting Seismic Parameters for Large Dams.

၈။ Myanmar Hydropower Standards (March, 2017)

၉။ Myanmar River Basin Management Assessment World Bank (2018)

၁၀။ Wikipedia

၁၁။ မြန်မာ့အလင်းသတင်းစာ (၁၇.၁၂.၂၀၂၅)

၁၂။ Final ESIA Report with ESMP Subproject 1, ESA ICEM ASIA (March,2018) for Stretch 1 and ESMP Monitoring and Reporting during Construction of Subproject 1

၁၃။ Myanmar National Building Code (MNBC–2025)

၁၄။ ရိုင်းမြစ်မှသည် ဆရာစည်သူ

## ရွှေသောင်ယံမြို့နယ်မြေ၌ အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်း



နေပြည်တော် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်မြေအတွင်းရှိ ကျေးရွာများတွင် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက် တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အသစ်ဖွဲ့စည်းထားရှိသော ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စစ်ဝတ်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်တံတားခရိုင်အတွင်း သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေး လူ၊ ပစ္စည်း၊ ယန္တရားစုဖွဲ့ထားရှိမှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၈

ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတား ခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေးတို့အတွက် ကျောက်တံတားမြို့နယ် မီးသတ်ဦးစီးဌာန၌ လူ၊ ပစ္စည်း၊ ယန္တရား စုဖွဲ့ထားရှိမှုကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့က စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးနှင့် အရေးပေါ်တုံ့ပြန်ရန် လူ၊ ပစ္စည်း၊ ယန္တရားစုဖွဲ့မှုများကို ကဏ္ဍအလိုက်ပြင်ဆင်ထားရှိရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ကေများပြည့်မီရေး၊ စပါးပန်းတိုင်အထွက်နှုန်းများရရှိအောင်ကြိုးပမ်းရေး၊ မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးပွဲနှင့် သဘာဝမြေဩဇာ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကမာပါကျေးရွာ တောင်သူဒေါ်သဇင်မင်းလွင်၏ လယ်မြေ၌ ပြုလုပ်သည်။

ဦးစွာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ တောင်သူများထံသို့ သဘာဝမြေဩဇာ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြသည်။ ထို့နောက် ကမာပါကျေးရွာ ကွင်းအမှတ်(၃၇၁) တောင်သူဒေါ်သဇင်မင်းလွင်၏ လယ်မြေတွင် မျိုးစေ့ချကိရိယာဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးပြီး ငွေနှင်းမှို အောင်မြင်ဖြစ်ထွန်းမှုနှင့် ရိုဇက်စတာကော်ဖီပင် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇူလိုင် ၈ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဆောင်ရွက်ပေးစဉ်။

အာကာ(ပြန်/ဆက်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



လားရှိုး ဇူလိုင် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး)မှ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၈ ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အဆိုပါအသိပညာပေးဟောပြောပွဲတွင် အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်လင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးရှင်းလင်းပြောကြားပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းလွန်ကျောင်း(ဦးကျေး)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို စိုက်ပျိုးသည်။

စိုက်ပျိုးရာတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ စိန်ပန်း၊ မဲဇလီစသည့် ပျိုးပင်ပေါင်း ၁၂၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**○ မြန်မာအမျိုးသမီးလိဂ်မှ**

ရန်ကုန်စီးတီးအသင်းကို လေးဂိုး – ဂိုးမရှိ၊ ဧရာဝတီအသင်းက ဖွဲ့ကပင်ယူနိုက်တက်အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယခုရာသီတွင် ခြေစွမ်းပြနေသည့် အား/ကာသိပ္ပံအသင်းသည် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာနိုင်သည့်အသင်းများအနက် ဧရာဝတီအသင်းကို ပွဲစဉ် ၃၊ ရန်ကုန်ယူနိုက်တက်အသင်းကို ယခုတစ်ပတ် ပွဲစဉ် ၄ တွင် အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံနှင့် ရန်ကုန်ယူနိုက်တက်ပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို လင်းမြင့်မိုရ် (အား/ကာသိပ္ပံ)၊ ရှမ်းယူနိုက်တက်နှင့် Young Lionesses ပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို အိုဂါလီ (ရှမ်းယူနိုက်တက်)၊ ရတနာပုံနှင့် မြဝတီပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို မြနှင်းဝေ (မြဝတီ)၊ သစ္စာအားမာန်နှင့် ရန်ကုန်စီးတီးပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို မြတ်နိုးခင် (သစ္စာအားမာန်)၊ ဖွဲ့ကပင်ယူနိုက်တက်နှင့် ဧရာဝတီပွဲအတွက်အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို နန်းခိုင်ဇင်မြင့် (ဧရာဝတီ)တို့က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းစီရရှိသည်။

ပွဲစဉ် ၄ အပြီးတွင် အား/ကာသိပ္ပံအသင်းက လေးပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၁၂ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဧရာဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းက ကိုးမှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ရတနာပုံအသင်းနှင့် Young Lionesses အသင်းတို့က ခြောက်မှတ်စီ၊ သစ္စာအားမာန်အသင်းက လေးမှတ်၊ မြဝတီအသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်းတို့က သုံးမှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ လေးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**သတင်း – ကိုစံ၊ ဓာတ်ပုံ – YUFC**

## ပခုက္ကူမြို့နယ်၌ ကျောင်းအခြေပြုပဏာမမျက်စိကျန်းမာရေး စစ်ဆေးဆောင်ရွက်



ပခုက္ကူ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျောင်းအခြေပြု ပဏာမမျက်စိကျန်းမာရေးစမ်းသပ်စစ်ဆေးမှုလုပ်ငန်းကို အမှတ်(၅)အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ယနေ့တွင် ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၄၆၄ ဦးအား မျက်စိအမြင်အာရုံချို့ယွင်းမှုရှိ/ မရှိ၊ အဝေးမှုန်ခြင်းရှိ/မရှိ၊ အနီးမှုန်ခြင်းရှိ/မရှိ တို့ကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၆)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building ၊ နေပြည်တော်တွင် (၇-၇-၂၀၂၆)ရက်နေ့မှ (၂၁-၇-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၂၀-၇-၂၀၂၆)ရက်နေ့နှင့် (၂၁-၇-၂၀၂၆) ရက်နေ့များတွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည် တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

---

## အများသိစေရန်ကြေညာခြင်း

၉-၁-၂၀၁၅နေ့တွင် မြေပိုင်ရှင်ဒေါ်သိန်းထွေး[၁၂/ဥကတ(နိုင်)၀၉၁၀၂၆] နှင့် ကန်ထရိုက်တာ ဒေါ်သွယ်သွယ်မြင့်[၁၂/ပဇတ(နိုင်)၀၀၉၆၃၈]တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ်(၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ်(၁၉၆/၄၁)တွင် နှစ်ခန်းတွဲ(၆)ထပ်တိုက်၊ အခန်းအပေးအယူဖြင့် ဆောက်လုပ်ရန် ကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့ရာတွင် ကန်ထရိုက်တာသည် မဆက်သွယ်သည့်အပြင် မြေပြင်တွင်လည်း ဆက်လက်လုပ်ဆောင်ခြင်းမရှိသည့်အတွက် စာချုပ်ပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် အခန်းကြိုတင်ပေးချေဝယ်ယူမှုများသည် ပျက်ပြယ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် မြေပိုင်ရှင်ဒေါ်သိန်းထွေး [၁၂/ဥကတ(နိုင်)၀၉၁၀၂၆]၏ သဘောတူညီချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းဝယ်ခွင့်မရှိကြောင်းနှင့် ကန်ထရိုက်တာနှင့် မည်သို့မျှသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြေပိုင်ရှင်ဒေါ်သိန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဌေး**
**(LL.B, MA(Business Law), DBL, DIPL, D.A)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၀၃)**
**အမှတ်-၈၅၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လွတ်လပ်ရေးကွက်သစ်၊ (၈) ရပ်ကွက်၊ ဦးချိုလမ်း၊ တိုက်အမှတ်(၂၆)မြေညီထပ်၊ (ခေါင်းရင်းခန်း)၊ (၂၆/A) ဟုခေါ်တွင်သော တိုက်ခန်းကိုပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအောင်[၁၂/လမန(နိုင်)၁၁၁၂၇၂]ထံမှ အပြီးအပိုင်ဝယ်ယူရန် ဒေါ်ဇင်မျိုးဆွေ[၁၂/လမန(နိုင်)၀၀၀၅၇၈]က စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးထွန်းထွန်းသာ | ဦးကျော်သန်း |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၉၉၀၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၅၆) |

**တိုက်(စီ/၁၁)၊ အခန်း(၈၀၇)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၅၁၃၀၃၈၊ ၀၉-၄၀၁၈၈၂၀၀၇၊ ၀၉-၈၅၃၂၉၂၂၈၀**

---

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

